ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ကဆုန်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (12-5-2004) (၄၂၁၁)

ကတညုတာ တော် မင်္ဂလ မုတ္တမံ	သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။



ယနေ့ထုတ်စောင်ရေ ၁၉၇၀၇၀

ခေတ်မီဝါကောက်စက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပွင့်ဖြူမြို့နယ်ရှိ တပ်မတော် ဝါစိုက်ပျိုးရေးစခန်း(ပွင့်ဖြူ)ရှိ ခေတ်မီဝါကောက်စက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ ပေါကြွယ်ဝသော မြေသယံဇာတများကို ထိရောက်စွာ အကျိုးရှိရှိအသုံးချ လုပ်ငန်းရှင်များအနေဖြင့် သီးနှံများကို ပြည်ပသို့ စီးပွားဖြစ် တင်ပို့နိုင်သည်အထိ ရည်မှန်းချက်ထားရှိ မကွေးတိုင်း၏ ရေမြေအခြေအနေအရ ဝါသီးနှံဖြစ်ထွန်းနိုင်သဖြင့် ဝါစိုက်ခင်းကြီးများ တိုးချဲ့စိုက်ပျိုး လယ်ယာစိုက်ကွက်ကြီးများ ပေါ်ထွန်းလာမှ နိုင်ငံတော်၏ လယ်ယာကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်မည်

ရန်ကုန် မေ ၁၁

မန္တလေးတိုင်း ပုဂံ–ညောင်ဦးတွင် ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနအကြီးအကဲများ၊ တိုင်းရင်းသား **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✡

ပေါင်းလောင်းရေလှောင်တမံစီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၂-၅-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ရာတွင် ပညာရှင်များဆက်လက်ကြိုးပမ်းစွမ်းဆောင်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များသည် အံ့မခန်း တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက် ပြောင်းလဲမှုများက လွှမ်းမိုးလျက်ရှိသည်။ မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအဆင့်မီ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် သိပ္ပံနှင့် နည်းပညာရပ်များနှင့် ယှဉ်တွဲပြီး အမျိုးသားရေးအကျိုးစီးပွားကို အခိုင်အမာ တည်ဆောက်ထားကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အမြော်အမြင် ကြီးမားသော လမ်းညွှန်ချက်များနှင့်အညီ သိပ္ပံနှင့် နည်းပညာဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးရှိ အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများကို ပညာရပ်ဆိုင်ရာအလိုက် ပညာရှင်အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ် ထားရှိပြီးဖြစ်သည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ စတုတ္ထနှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို မေလ ၆ရက်နေ့က ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် **ပညာရှင်ကြီးများအနေဖြင့်လည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အကျိုးဖြစ်ထွန်းမှုတို့ကို အထောက်အကူ ပြုစေမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်ထွန်းကားပြန့်ပွားရေး၊ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများကို အမျိုးသားရေး အကျိုးစီးပွား ဖော်ဆောင် ရာတွင် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးတို့အတွက် အရှိန်အဟုန် မပျက် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရေး** တိုက်တွန်း ပြောကြားသွားသည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝရာသီဥတုမျှတပြီး အဖိုးတန် သယံဇာတများ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများသည် ပင်ကိုဗီဇအားဖြင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားပြီး ပညာကိုတန်ဖိုးထား လိုလားသည့်စိတ်ဓာတ် အခြေခံရှိကြသူများ ဖြစ်သည်။

ထို့ကြောင့် ပညာရှင်အသီးသီးတို့က ပညာရပ်ဆိုင်ရာစွမ်းပကား ဖြင့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ် ပေးပြီး အဖိုးတန်သယံဇာတများကို တန်ဖိုးရှိရှိ အသုံးချနိုင်ရန်စွမ်းဆောင် ပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုမြင့်မား လာမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍများသည် မြန်မာနိုင်ငံအတွက် အခြေခံအကျဆုံး၊ အားအထားရဆုံး အရင်းအမြစ် များဖြစ်သည့်အပြင် ပြည်သူအများစုကြီး၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့်လည်း ဆက်စပ်လျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ ပညာရပ်ဆိုင်ရာ အထောက်အကူပြုပံ့ပိုးမှု၊ သုတေသနလုပ်ငန်းများဆောင်ရွက်မှု၊ ပြည်သူများအကြား ကျွမ်းကျင်မှု အရည်အသွေး စဉ်ဆက်မပြတ်ကောင်းမွန်စေရေး ပညာပေးဖြန့်ဖြူး ကြိုးပမ်းဆောင်ရွက်မှုများသည် နိုင်ငံတော်အတွက် များစွာအကျိုး ဖြစ်ထွန်းစေလျက်ရှိသည်။

အဆိုပါပညာရှင်အဖွဲ့အနေဖြင့် သုတေသနစာတမ်းဖတ်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၀၀ပြည့်နှစ်မှ၂၀၀၃ခုနှစ်အထိ စာတမ်း ပေါင်း ၁၉၅စောင် တင်သွင်းဖတ်ကြားဆွေးနွေးနိုင်ခဲ့သည်။ အဆိုပါ သုတေသနစာတမ်းများကို အင်တာနက်မှတစ်ဆင့် ထုတ်ယူဖတ်ကြား နိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။

ပညာရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ ယခုထက် ပိုမိုကျယ်ပြန့်စွာ ပညာသင်ကြားပို့ချဖြန့်ဖြူးနိုင်ရေး၊ သုတေသနပြုနိုင်ရေး၊ ပညာရပ် ဆိုင်ရာအကြံပြုချက်များ၊သုတေသနပြုရှာဖွေတွေ့ရှိချက်များ ထိုက်တန်စွာ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် အခွင့်အလမ်းများ ဖန်တီး ဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ အဖိုးတန်သယံဇာတများကို နိုင်ငံတော်၏ အမျိုးသား ရေး အကျိုးစီးပွားဖော်ဆောင်မှုလုပ်ငန်းများတွင် အကျိုးအရှိဆုံးဖော်ထုတ် သုံးစွဲနိုင်ရေးအတွက် ပညာရှင်အဖွဲ့ဝင်ပညာရှင်ကြီးများအားလုံးက မိမိတို့ ၏ ကျွမ်းကျင်ရာပညာရပ်များဖြင့် ဆက်လက်ကြိုးပမ်း စွမ်းဆောင် သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထူးချွန်ကြက်ခြေနီ ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

တက်ရောက်ချီးမြှင့်

အမျိုးသား ကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် "ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ ၂၀၀၄"မှ ထူးချွန်ကြက်ခြေနီ မောင်မယ်များအား တည်ခင်း ဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံကြက်ခြေနီအသင်း"ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ ၂၀၀၄"သို့ တက်ရောက်လျက်ရှိကြသော ပြည်နယ်နှင့် တိုင်းများမှ ထူးချွန်ကြက်ခြေနီမောင်မယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညဂုနာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အမျိုးသားကျန်းမာရေးကော်မတီဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ် များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ နှင့်တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)တို့မှ တာဝန်ရှိသူများ၊ မြန်မာ နိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီ ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် များ၊ ထူးချွန်ကြက်ခြေနီမောင်မယ် များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ထူးချွန် ကြက်ခြေနီ မောင်မယ်များနှင့်အတူ ညစာသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ် အတွင်း မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းမှ မောင်မယ်များက တေး သံသာများဖြင့် သီဆိုဖျော်ဖြေကြ သည်။

ဆုံးသေတ္တာပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်း ဌာနေ ကိုယ်စားလှယ် Ms. Joanna Macleen တို့က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်း လှူဒါန်းသည့် ရှေးဦးသူနာပြု ဆေးသေတ္တာများကိုပေးအပ်ရာ ဝန်ကြီး ဌာနများကိုယ်စား ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံသည်။

ထို့နောက် ထူးချွန်ကြက်ခြေနီ မောင်မယ်များကိုယ်စား ကရင်ပြည်နယ် မြဝတီမြို့နယ်မှ ထူးချွန်ကြက်ခြေနီ မထွေးထွေးလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီ အသင်း ဥက္ကဋ္ဌဒေါက်တာကျော်ဝင်းက နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီ အသင်းနှင့် ကျောင်းကြက်ခြေနီ အသင်းဝင်များက တေးသံသာများနှင့် ပညာပေးတစ်ခန်းရပ် ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထူးချွန် ကြက်ခြေနီမောင်မယ်များအား ရင်းရင်း နှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ရှိရင်းစေတနာ ပြကြစို့

★ စာပေနှင့်စာနယ်ဇင်း
ဦးတည်ရင်းစေတနာ
အမျိုးဂုဏ် ဇာတိဂုဏ်
စာပေဂုဏ်မြှင့်တင်ရေး
ရှေးရှုလျက်ပါ။

★ စေတနာ သေချာပြကာပ
ပြည်မြန်မာ စည်သာလှစေဖို့
ညီညာဖြ လက်တွဲအစဉ်
ပါဝင်ဖို့အရေး၊
နွေးထွေးမြိုင်ဆိုင်စွာပ
ဆွေးနွေးတိုင်ပင်ပါလို့
ကလောင်ကိုင် ကိုယ်စီအတွေးနှင့်
ရေးကြစို့လေး။

မေရု

(ကျင်းပဆဲ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုလျက်။)

နိုင်ငံတကာ သတင်းများ

ဝန်ကြီးချုပ်ဘလဲ ရာထူးမှ နုတ်ထွက်ပေးရန် လေဘာပါတီမှ ထိပ်တန်းပါတီဝင် တောင်းဆို အီရတ်စစ်ပွဲကို ထောက်ခံမှု ဗြိတိန်နိုင်ငံတွင် အနိမ့်ဆုံးအဆင့်သို့ ကျဆင်း

လန်ဒန် မေ ၁၀

ဗြိတိသျှ ဝန်ကြီးချုပ် တိုနီဘလဲသည် ၎င်း၏အနာဂတ်အရေးအတွက် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ ၎င်း၏လေဘာပါတီမှ ထိပ်တန်းပါတီဝင်တစ်ဦးက တိုနီဘလဲကို ရာထူးမှ ထွက်ပေးရန် ပြီးခဲ့သော တနင်္ဂနွေနေ့က တောင်းဆိုခဲ့သည်။

လောဒ်ဒေးဗစ်ပူတနမ်သည်လေဘာပါတီတွင်ဝန်ကြီးချုပ်ဘလဲ၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သလို ရင်းနှီးသော မိတ်ဆွေတစ်ဦးလည်းဖြစ်သည်။အီရတ်အရေးနှင့် ပတ်သက်၍ လပေါင်းများစွာ အနုတ်လက္ခဏာဆောင်သော ဖြစ်ရပ်သတင်းများသာ ထွက်ပေါ်လာခဲ့သည်။ ထိုအခြေအနေကြောင့် လေဘာပါတီ၏ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာ၌ သွားရောက်ထိခိုက်နေပြီဖြစ်၍ တိုနီဘလဲအနေဖြင့် ဂေါ်ဒွင်ဘရောင်းအတွက် နေရာဖယ်ပေးသင့်ကြောင်း ပူတနမ်က ပြောကြားသွားသည်။ ဂေါ်ဒွင်ဘရောင်းသည် ဗြိတိန်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးဖြစ်သည်။

ဗြိတိသျှဝန်ကြီးချုပ်သည် အီရတ်နိုင်ငံ၏အခြေအနေနှင့် တစ်ထပ်တည်း ကိုယ်စားပြုနေသောသဘောရှိကြောင်း၊ အီရတ်နိုင်ငံသည်လည်း ကောင်းသတင်းကို ဖြစ်ပေါ်စေမည်မဟုတ်ဘဲ သတင်းဆိုးသာ ဖြစ်ပေါ်စေမည်ကြောင်း၊ တိုနီဘလဲနှင့် အီရတ်နိုင်ငံ၏ အခြေအနေကို နှိုင်းယှဉ်ပြီး ပူတနမ်က ပြောကြားဝေဖန်သွားသည်။ ၎င်းက အထက်ပါ စကားများကို အိုင်တီဗွီ ရုပ်သံသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရာ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိသာ တိုနီဘလဲနေရာမှာ ရှိနေခဲ့လျှင် လာမည့်နွေရာသီ ပါလီမန်အစည်းအဝေးမတိုင်မီ နေရာဖယ်ပေးမည်သာဖြစ်ကြောင်း ပူတနမ်က ဆိုသည်။

ဝန်ကြီးချုပ်ဘလဲသည် အီရတ်စစ်ပွဲကို အားပေးထောက်ခံသူဖြစ်သည်။ ဥရောပသမဂ္ဂအဖွဲ့၏ အခြေခံဥပဒေနှင့် စပ်လျဉ်း၍ လူထုဆန္ဒခံယူပွဲပြုလုပ်ရေးကိစ္စ၌လည်း နောက်ကြောင်းပြန်လှည့်နေသူဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေး မူဝါဒများကို ကမောက်ကမဆောင်ရွက်ခဲ့သည်ဟု လူအများက ရှုမြင်ထားကြသည်။ ထိုဖြစ်ရပ်များကြောင့် ဘလဲအပေါ် လူထုအယုံအကြည်မဲ့လာရာမှ ၎င်း၏နေရာကို ဘရောင်း ရယူသင့်သည်ဟူသော ခန့်မှန်းချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

လူထုသဘောထား ကောက်ယူမှု စစ်တမ်းတစ်ရပ် တနင်္ဂနွေနေ့က ထွက်ပေါ်လာသည်။ ထိုသတင်းက ဘလဲ၏အခြေအနေကို ပို၍ဆိုးရွားသွားစေသည်ဟုဆိုသည်။ ယူဂေါ့ဗ်၏ လူထုသဘောထား လေ့လာမှုအရ လက်ရှိ ဗြိတိသျှဝန်ကြီးချုပ်က ဘရောင်းကို နေရာဖယ်ပေးမှသာလျှင် လေဘာပါတီ အနေဖြင့် လာမည့် ရွေးကောက်ပွဲတွင် အနိုင်ရစရာ အလားအလာရှိမည်ဟု အဖြေတစ်ရပ် ထွက်ပေါ်လာသည်။ ထိုဆန္ဒသဘောထား လေ့လာချက်ကို ဆန်းဒေးမေးလ် သတင်းစာက ဖော်ပြခဲ့ခြင်းဖြစ်သည်။

လက်ရှိအခြေအနေတွင် အီရတ်နိုင်ငံ၌ အီရတ်အကျဉ်းသားများကို ဗြိတိန်နှင့် အမေရိကန်စစ်သည်များက နှိပ်စက်ကလူပြုသော ပြဿနာများ ပေါ်ထွက်လာသည်။ ထိုကိစ္စပေါ်ထွက်လာပြီးသည့် နောက်ပိုင်းတွင် အီရတ်စစ်ပွဲကို ထောက်ခံမှုများ ဗြိတိန်နိုင်ငံတွင် အနိမ့်ဆုံးသို့ ကျဆင်းသွားသည်။ ယခင်ဧပြီလတွင် လူထုသဘောထား ရယူစဉ်က လူ၁၀ ဦးလျှင် လူခြောက်ဦးက အီရတ်စစ်ပွဲကို ထောက်ခံခဲ့ကြသည်။ သို့ရာတွင် ယခုအခါမူ စစ်ပွဲကို ထောက်ခံသူ အချိုးအစားမှာ လူ၁၀ ဦးလျှင် လေးဦးကသာ ထောက်ခံတော့သည်ကို တွေ့ရသည်။

လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရနှင့် ရေတိုအလားအလာများကို လေ့လာကြည့်ချက်အရ လာမည့် ၂၀၀၅ ခုနှစ် ရွေးကောက်ပွဲကာလ၌ လေဘာပါတီအနိုင်ရရှိစေရန် ဘလဲသည် လက်ရှိနေရာကို ဖယ်ပေးသင့်ကြောင်း ပူတနာက ပြောကြားသွားသည်။

ဘရောင်းသည် မလွှဲမရှောင်သာ ပါတီ၏ ခေါင်းဆောင်နေရာကို ယူရမည့်သူ ဖြစ်လာလိမ့်မည်။ ဂေါ်ဒွင်ဘရောင်းသည်သာ ပြည်တွင်းရေးရာကိစ္စများကို အာရုံစိုက်နိုင်မည့် ပုဂ္ဂိုလ်မျိုး ဖြစ်လိမ့်မည်။ ထို့အပြင် လာမည့် ၁၂ လတာ ကာလအတွင်း ကျင်းပတော့မည့် ရွေးကောက်ပွဲ၌လည်း ဘရောင်းသည် မိမိတို့ လေဘာပါတီ အနိုင်ရအောင် ဆောင်ရွက်သွားနိုင်မည့်သူဖြစ်သည်ကို မိမိယုံကြည်ကြောင်း ပူတနမ်က ဝေဖန်ပိုင်းခြားသုံးသပ်ခဲ့သည်။

ယူဂေါ့ဗ် လူထုသဘောထားလေ့လာရေး၏ တွေ့ရှိချက်တွင် ဘလဲသည် ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါက ရွေးကောက်ပွဲအနိုင်ရနိုင်စရာရှိသည်။ သို့သော် အများစုမဲဖြင့် အနိုင်ရရန် အခွင့်အရေးနည်းပါသည်ဟု ဆိုသည်။ ဘရောင်း၏ ခေါင်းဆောင်မှုဖြင့်သာ ရွေးကောက်ပွဲဝင်ပါက ၇၇ နေရာ၌ အနိုင်ရမည်ဖြစ်ပြီး အများစု အသာဖြင့် အောင်မြင်နိုင်စရာရှိကြောင်း တွေ့ရသည်ဟု ဖော်ပြထားသည်။

အကယ်၍သာ ဘလဲအနေဖြင့် မနက်ဖြန်တွင် ရွေးကောက်ပွဲကျင်းပမည်ဆိုပါက အဓိက အတိုက်အခံပါတီဖြစ်သော ကွန်ဆာဗေးတစ်အဖွဲ့ကို ပြည်သူ ၄၀ ရာခိုင်နှုန်းက မဲပေးစရာရှိပြီး လေဘာ ပါတီမှာ ၃၂ ရာခိုင်နှုန်းသော မဲကိုသာ ရရှိနိုင်ခြေရှိသည်ဟုဆိုသည်။ သို့ရာတွင် ဘရောင်းသာ ပါတီကို ဦးဆောင်ပါက အတိုက်အခံပါတီနှင့် မတိမ်းမယိမ်းဖြစ်သည့် ၃၆ ရာခိုင်နှုန်းဖြစ်သော မဲများကို ရရှိနိုင်စရာရှိကြောင်း လူထုသဘောထား ဆန်းစစ်ချက်က ပြသကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်ဟိုတယ်အနီးတွင် မိုးပေါက်ကွဲ နိုင်ငံခြားသားလေးဦးနှင့် အီရတ်နှစ်ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၁၀

ဘဂ္ဂဒက်မြို့ရှိ အသေးစားဟိုတယ်တစ်ခု အနီးတွင် တနင်္ဂနွေနေ့ ညပိုင်းက ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နိုင်ငံခြားသားလေးဦးနှင့် အီရတ်နိုင်ငံသား အစောင့်နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိသွားကြောင်းဖြင့် မျက်မြင်တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ပိတ်ဆို့ထား

ယင်းဟိုတယ်သည် အီရတ်ပြည်တွင်းရှိ လုပ်ငန်းရှင်ပိုင်ဆိုင်သည့် "လေးရာသီ"အမည်ရှိ ဟိုတယ်ဖြစ်ပြီး မျက်နှာကြက်များ ပျက်စီးကာ ထမင်းစားခန်းတွင် အပျက်အစီးများဖြင့် ပြန့်ကျဲသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ရဲတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက ပေါက်ကွဲသည့်နေရာကို ပိတ်ဆို့ထားသည်။

ဟိုတယ်အနောက်ဘက်တွင် ထားခဲ့သော ပေါက်ကွဲစရာပစ္စည်း ပါရှိသည့် အထုပ်တစ်ထုပ်ကြောင့် ပေါက်ကွဲမှုဖြစ်ရကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် ဗြိတိသျှနှစ်ဦး၊ နီပေါလူမျိုးနှစ်ဦးနှင့် အီရတ်အရပ်သား အစောင့်နှစ်ဦးတို့ ဒဏ်ရာအနည်းငယ်စီ ရရှိသွားကြောင်း ဘဂ္ဂဒက်ရဲချုပ်အာမက်အယ်လ်ဝီက အယ်လ်အာရေဗျ ရုပ်မြင်သံကြားအား ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မေ ၆ ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော စစ်ဌာနချုပ် ရုံးအနီးတွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ကားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား မတော်မတရားပြုမှု ဝန်ကြီးချုပ် တိုနီဘလဲ ပိုမိုဖိအားပေးခံနေရ

လန်ဒန် မေ ၁၀

အီရတ်အကျဉ်းသားများအား ဗြိတိန်တပ်ဖွဲ့ဝင်များက မတော်မတရား ပြုကျင့်သည်ဆိုသော စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအပေါ် တနင်္ဂနွေနေ့က ပိုမိုဖိအားပေးလာသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အစိုးရအနေဖြင့် မည်သို့အရေးယူသည်ကို သိလိုကြောင်း နိုင်ငံရေးသမားများက တောင်းဆိုကြသည်။

ဗြိတိသျှ တပ်ဖွဲ့ဝင်များက ပြုမူကျူးလွန်သမျှ မတော်မတရားမှုတိုင်းအတွက် သူဝမ်းနည်းကြောင်းဖြင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက ပြောကြားလိုက်သည်။ သို့သော် ထိုမတော်မတရား ပြုကျင့်ခဲ့သည်ဆိုခြင်းကိုမူ ဝန်ခံပြောဆိုခြင်းမရှိပေ။

လက်ခံနိုင်စရာမရှိ

မိမိတို့ ဗြိတိသျှတပ်ဖွဲ့ဝင်များအနက် တစ်စုံတစ်ဦး၏ ညှဉ်းပန်းမှုခံရသူမည်သူ့ကိုမဆို မိမိတို့ လှိုက်လှိုက်လှဲလှဲတောင်းပန်ကြောင်း အတိအလင်းကြေညာခဲ့ပြီးဖြစ်သည်။ ထိုညှဉ်းပန်းမတော်မတရား ပြုခြင်းအား လုံးဝလက်ခံနိုင်စရာမရှိကြောင်း ဝန်ကြီးချုပ်တိုနီဘလဲက ပြင်သစ် အယ်စီအိုင်ရုပ်မြင်သံကြားသို့ တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

အီရတ်အကျဉ်းစခန်းများသို့ သွားရောက် လေ့လာချက်များအရ ညှဉ်းပန်းနှိပ်စက်ရာရောက်သည့် လုပ်ရပ်များသည် စစ်သုံ့ပန်းများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များကို ချိုးဖောက်မှုအဖြစ် တွေ့ရသည်ဟု နိုင်ငံတကာ ကြက်ခြေနီ ကော်မတီ(အိုင်စီအာရ်စီ)က သောကြာနေ့တွင် ကြေညာသည်။

အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှုများတွင် အဓိကအားဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ ပါဝင်ကြောင်း၊ သို့သော် ဗြိတိသျှတပ်များတာဝန်ယူသည့်အကျဉ်းစခန်းများနှင့် ပတ်သက်၍လည်း စိုးရိမ်မိကြောင်း အိုင်စီအာရ်စီက ဗြိတိသျှအစိုးရထံ အသိပေးခဲ့ကြောင်း ဖော်ပြထားသည်။

အိုင်စီအာရ်စီ အစီရင်ခံစာကို ထုတ်ပြန်ရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဟောင်း ရော်ဘင်ကွတ်က အစိုးရအား တနင်္ဂနွေနေ့က တိုက်တွန်းလိုက်သည်။ ***အင်တာနက်။***

မေ ၁၀ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးရှိ အဘူဂါရိပ် အကျဉ်းထောင်မြင်ကွင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တို့အား အာဏာလွှဲအပ်ရန် ပြင်သစ်တိုက်တွန်း

ပါရီ မေ ၁၀

အီရတ်တို့အား အချုပ်အခြာအာဏာ ပြန်လည်လွှဲအပ်ရာတွင် စစ်မှန်စွာ ပြန်အပ်ရန် ပြင်သစ်နိုင်ငံ၏ တောင်းဆိုချက်ကို သမ္မတဂျက်ရှီရက်က ထပ်လောင်းတိုက်တွန်းလိုက်သည်။

ဥရောပသမဂ္ဂ(အီးယူ)စတင်ဖွဲ့စည်းသည့် နှစ်ပတ်လည် အထိမ်းအမှတ်ပွဲတွင် ပြင်သစ်သမ္မတ ရှီရက်က အထက်ပါအတိုင်း ထပ်မံတိုက်တွန်းလိုက်ခြင်းဖြစ်သည်။ ***အင်တာနက်။***

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု ကန်တပ်ဖွဲ့ဝင်တစ်ဦးကို စစ်ခုံရုံးတင် စတင်စစ်ဆေးမည်

ဘဂ္ဂဒက် မေ ၁၀

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သက်သည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ပထမဆုံးအကြိမ်အဖြစ် စစ်ခုံရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များက ကြေညာသည်။

အသက် ၂၄ နှစ်အရွယ်ရှိ စစ်ရဲတပ်ဖွဲ့ဝင် ဂျာရီမီဆိုင်ဗစ်ကို မေ ၁၉ ရက်တွင် အီရတ်နိုင်ငံ၌ ရုံးတင်စစ်ဆေးမည်ဖြစ်သည်။

ရင်ဆိုင်ကြုံတွေ့

ဆိုင်ဗစ်သည် အထိန်းသိမ်းခံများအား မတရားနှိပ်စက်ညှဉ်းပန်းမှုနှင့် ဆက်နွှယ်နေသည့် စွပ်စွဲချက်သုံးခုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ဆိုင်ဗစ်ကို လူသိရှင်ကြား စစ်ဆေးမည်ဖြစ်ကြောင်း ဗိုလ်မှူးချုပ်မတ်ကင်းမစ်က ပြောကြားသည်။

အခြားတပ်ဖွဲ့ဝင်ခြောက်ဦးသည်လည်း ရာဇဝတ်မှုဆိုင်ရာ စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရပြီး နောက်ထပ်တပ်ဖွဲ့ဝင်အများအပြားသည်လည်း စစ်ဆေးမှုတွင် ပါဝင်လာမည်ဟု မိမိတို့ တွေးဆနိုင်ဖွယ်ရှိကြောင်း ကင်းမစ်က ပြောကြားသည်။

ပင်ဆီဗေးနီးယားပြည်နယ်မှ ဆိုင်ဗစ်သည် အဘူဂါရိပ်အကျဉ်းထောင်မှ အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သက်၍ ပထမဆုံး စစ်ခုံရုံးတင်စစ်ဆေးခံရမည်ဖြစ်ပြီး စစ်ဆေးရန် ရက်သတ်မှတ်ထားသည်။

စွဲချက်တင်

၎င်းအား အကျဉ်းသားနှင့် လက်အောက်ခံငယ်သားများကို နှိပ်စက်မှု၊ နှိပ်စက်ညှဉ်းပန်းမှုအား ကာကွယ်မှုမပြုခဲ့ဘဲ တာဝန်ပျက်ကွက်မှုနှင့် အကျဉ်းသားများအပေါ် ရက်စက်မှု၊ နှိပ်စက်မှုများဖြင့် စွဲချက်တင်ထားသည်။

ဆိုင်ဗစ်အား ပြစ်မှုစစ်ဆေးမှုမပြီးမီအထိ အပြစ်ကင်းစင်သည့်လူတစ်ဦးကဲ့သို့ ဆက်ဆံသင့်ကြောင်း၊ တပ်ဖွဲ့ဝင်အချို့က ယင်းသို့ မဖွယ်မရာ ပြုလုပ်မှုဖြင့် အီရတ်နိုင်ငံတွင် မှန်မှန်ကန်ကန် တာဝန်ထမ်းဆောင်နေသည့် အခြားတပ်ဖွဲ့ဝင် ၁၃၅,၀၀၀ တို့အား ဝါးလုံးရှည်ဖြင့် ရမ်းသည့်အနေဖြင့် သိမ်းကျုံးအပြစ်မပြောသင့်ကြောင်း ကင်းမစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကတိပေး

မိမိတို့အနေဖြင့် ဖော်ပြပါဖြစ်ရပ်၏ အချက်အလက်မှန်သမျှ လေ့လာပြီး ယင်းနှိပ်စက်ညှဉ်းပန်းမှု၏ ပမာဏတစ်ရပ်လုံးကိုဆုံးဖြတ်ရမည်ဖြစ်ကြောင်း သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က စနေနေ့တွင် ကတိပေးပြောကြားသည်။ ***အင်တာနက်။***

အီရတ် အကျဉ်းသားများကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်မှုများအတွက် မေ ၉ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကန့်ကွက်ဆန္ဒပြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ကာဘာလာမြို့၌ ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဝါဆော မေ ၁၀

အီရတ်နိုင်ငံအလယ်ပိုင်းကာဘာလာမြို့တွင် စနေနေ့က ယာဉ်တိုက်မှုဖြစ်ပွားရာ ပိုလန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီး ဇမ်ကီးက စနေနေ့တွင် ပီအေပီသတင်းဌာနသို့ ပြောကြားသည်။ ယင်းမှာ လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံတွင် ပိုလန်တပ်ဖွဲ့ဝင်များ ရောက်ရှိတာဝန်ထမ်းဆောင်ချိန်နောက်ပိုင်း တတိယမြောက် ပိုလန်တပ်ဖွဲ့ဝင် သေဆုံးခြင်းဖြစ်သည်။

၎င်းစီးနင်းလိုက်ပါလာသည့် ကားသည် ထရပ်ကားတစ်စီးနှင့် ကာဘာလာမြို့၌ ခေါင်းချင်းဆိုင် တိုက်မိပြီးနောက် ပိုလန်တပ်ဖွဲ့ဝင် သေဆုံးသွားခြင်းဖြစ်ကြောင်း အီရတ်နိုင်ငံမှ တီဗွီပီ-၃ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသသည်။

ယင်းဖြစ်ရပ်တွင် အခြားပိုလန်တပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိကာ ဆေးရုံတင်ပို့ထားရကြောင်း အီရတ်ရှိ ပိုလန်စစ်ဘက်ဆိုင်ရာကို ကိုးကား၍ အီရတ်ရုပ်သံဌာနက ဖော်ပြသည်။

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သည့် ဝင်ရောက်ကျူးကျော်တိုက်ခိုက်မှုကို ပြင်းပြင်းထန်ထန် ထောက်ခံသည့် ပိုလန်သည် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၂၄၀၀ စေလွှတ်ထားပြီး အီရတ်နိုင်ငံအလယ်ပိုင်းရှိ နိုင်ငံစုံတပ်ဖွဲ့ကို ကြီးကြပ်ကွပ်ကဲနေသည်။ ပိုလန်တပ်ဖွဲ့ဝင်များသည် ကာဘာလာမြို့၌ အခြေစိုက်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***



မေ ၇ရက်က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ရှိ ကွန်ဂရက်လွှတ်တော် အဆောက်အအုံရှေ့တွင် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ် နုတ်ထွက်ပေးရန် တောင်းဆိုဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု၌ တာဝန်ရှိသူများကို စုံစမ်းစစ်ဆေးပြီး အပြစ်ပေးရန် ဂျာမန်နိုင်ငံခြားရေးဝန်ကြီးတောင်းဆို

ဘာလင် မေ ၁၀

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုများအတွက် တာဝန်ရှိသူများကို အပြစ်ပေးရမည်ဖြစ်ကြောင်း ဂျာမန်နိုင်ငံခြားရေးဝန်ကြီးယော်ကာဖစ်ရှာက စနေနေ့တွင် ပြောကြားလိုက်သည်။

ရွံ့ရှာဖွယ်ကောင်း

ကမ္ဘာတစ်ဝန်း ပျံ့နှံ့နေသည့် ဓာတ်ပုံများတွင် ပါရှိသည့်အတိုင်း အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုများသည် ကြောက်စရာကောင်းပြီး စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းကြောင်း ဖစ်ရှာကပြောကြားသည်ဟု အပတ်စဉ်ထုတ် ဒါစပီးဂဲလ်ဂျာနယ်က ပြောကြားသည်။ အဆိုပါ နှိပ်စက်ညှဉ်းပန်းသူများကို စုံစမ်းစစ်ဆေးပြီး အပြစ်ပေးရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ကွန်ဒိုလီဇာရိုက်စ်တို့နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ဝါရှင်တန်သို့မထွက်ခွာမီ ၎င်းက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ငြင်းဆန်

အီရတ်အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းခံရမှုနှင့်ပတ်သက်၍ ဝေဖန်ပြောကြားရန် ဂျာမန်အစိုးရက အမေရိကန်ကို ဖိအားပေးနေလင့်ကစား လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စကို အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးခြင်း ပြု၊ မပြုကို ပြောကြားရန် ဂျာမန်နိုင်ငံခြားရေးဝန်ကြီးက ငြင်းဆန်သည်။

အဆိုပါ ကိစ္စကို အလေးထား ဆွေးနွေးရမည်ဖြစ်ကြောင်း ဂျာမနီလူ့အခွင့်အရေး မဟာမင်းကြီး ကလော်ဒီယာရှုသ်က ပြောကြားသည်။ ယင်းကိစ္စမှာ ဝင်ရောက်စွက်ဖက်မှု ကိစ္စမဟုတ်ဘဲ နိုင်ငံတကာဥပဒေနှင့် သက်ဆိုင်နေကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ရမ်းစဖဲလ်၏တောင်းပန်မှု အချိန်နှောင်းနေပြီဖြစ်ကြောင်း အာရပ်သတင်းစာများဝေဖန်

ဒူဘိုင်း မေ ၉

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သက်၍ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ် ရမ်းစဖဲလ်၏ ဝန်ချတောင်းပန်မှုသည် အချိန်အလွန် နှောင်းနေပြီဖြစ်ကြောင်း အာရပ်နှင့်ဥရောပနိုင်ငံများမှ သတင်းဝေဖန်သူများက ကြာသပတေးနေ့တွင် တုံ့ပြန်ပြောကြားလိုက်သည်။

သိက္ခာချ

ရမ်းစဖဲလ် ကာကွယ်ရေးဝန်ကြီး တာဝန်ယူနေစဉ်အတောအတွင်း အီရတ်အကျဉ်းသားများကို ရက်စက်စွာ နှိပ်စက်ပြီး သိက္ခာချခဲ့ခြင်းဖြစ်ကြောင်း ဆော်ဒီအာရေဗျနေ့စဉ်သတင်းစာ အာရပ်နယူးစ်ကဝေဖန်ရေးသားသည်။ ရမ်းစဖဲလ်၏ တောင်းပန်မှုသည် အချိန်အလွန်နှောင်းနေပြီဖြစ်ကြောင်း၊ နှိပ်စက်ညှဉ်းပန်းမှုသည် အီရတ်နှင့် အာဖဂန်နစ္စတန်တို့တွင် အမေရိကန်စစ်တပ်က ကျင့်သုံးသောမူဝါဒကိုထင်ဟပ်စေသည့်အတွက် ရမ်းစဖဲလ်အနေဖြင့် ရာထူးမှနုတ်ထွက်သင့်ကြောင်း ဂျော်ဒန် အကဲခတ်သမား ဟာနီဟွန်ရာနီက ပြောကြားသည်။

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းမှုအတွက် ရမ်းစဖဲလ်က သောကြာနေ့တွင် တာဝန်ယူလိုက်ပြီး အမေရိကန် အထက်လွှတ်တော်တွင် ကြားနာစစ်ဆေးစဉ်အတောအတွင်း နှိပ်စက်ညှဉ်းပန်းခံခဲ့ရသူများကို ဝန်ချတောင်းပန်ခဲ့သည်။

နုတ်ထွက်ရမည်

သို့ရာတွင် ၎င်း၏ နိုင်ငံရေးရန်သူများ ကျေနပ်အားရမှုဖြစ်စေရန်အတွက် ရာထူးမှနုတ်ထွက်မည်မဟုတ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ သို့သော် ရမ်းစဖဲလ်အနေဖြင့် ရာထူးမှနုတ်ထွက်သင့်ကြောင်း အာရပ်နှင့်ဥရောပနိုင်ငံ အများအပြားက ပြောကြားသည်။ ယင်းကဲ့သို့သော နှိပ်စက်ညှဉ်းပန်းမှုများအတွက် တာဝန်ရှိသည့် ဝန်ကြီးအနေဖြင့် ရာထူးမှ နုတ်ထွက်ရမည်ဖြစ်ကြောင်း ဂျာမနီအစိုးရတွင်ဝါရင့်မဟာမိတ်ဖြစ်သည့် ဂရင်းပါတီ၏ဥက္ကဋ္ဌ ရိုင်းဟတ်ဘော်တီကိုဖာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အပေါင်းပါတပ်များ ဘဂ္ဂဒက်မြို့ လေးနေရာ၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

ဘဂ္ဂဒက် မေ ၉

အီရတ်တွင်တွန်းလှန်တိုက်ခိုက်ရေးသမားများသည် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် ဘဂ္ဂဒက်မြို့တွင် သီးခြားနေရာလေးနေရာ၌တိုက်ခိုက်ရာ တိုက်ခိုက်ရေးသမား၁၉ဦးသေဆုံးခဲ့ကြောင်းဖြင့် အမေရိကန်ဗိုလ်မှူးချုပ်မတ်ကင်းမစ်က သတင်းထောက်များအား ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် သီးခြားနေရာလေးနေရာ၌ တိုက်ခိုက်မှုများတနင်္ဂနွေနေ့ကဖြစ်ပွားရာ အီရတ်ရဲတပ်ဖွဲ့ဝင် ၁၃ဦးနှင့် အရပ်သားခြောက်ဦးသေဆုံးကြပြီး ရဲတပ်ဖွဲ့ဝင် ရှစ်ဦးနှင့် အရပ်သားကိုးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း ၎င်းကပြောကြားသည်။

အယ်လ်ဆာဒါ၏နောက်လိုက်များက ပြုလုပ်ထားခဲ့သည့် စစ်ဆေးရေးဂိတ်တို့ကို ဖျက်သိမ်းရန် အမေရိကန်တပ်ဖွဲ့ဝင်များက စိုင်းပြင်းနေစဉ် ဆာဒါမြို့ ရှီးယိုက်ပုံကျရပ်ကွက်ရှိ ရှီအယ်လ်ဆာဒါ၏ အခြေစိုက်စခန်းတွင် တိုက်ခိုက်ရေးသမားရှစ်ဦးတို့သေဆုံးခဲ့သည်။

ဘဂ္ဂဒက်မြို့လယ်ကောင်တွင် အယ်လ်ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင် ဝတ်စုံများဝတ်ဆင်ထားသူ လေးဦးက ရဲတပ်ဖွဲ့အဆောက်အအုံခေါင်မိုးပေါ်မှ သေနတ်ဖြင့် ပစ်ခတ်သည်။

တစ်နာရီကြာပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီး အမေရိကန်တပ်ဖွဲ့ဝင်များက အယ်လ်ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင် ငွေကြေးထောက်ပံ့သူတစ်ဦးနှင့် ဘဂ္ဂဒက်မြို့အရှေ့ပိုင်းဒေသတွင် ခုခံတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးတို့ကို ဖမ်းဆီးမိခဲ့သည်ဟု ကင်းမစ်ကပြောကြားသည်။

အယ်လ်ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များနှင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်တို့သည် ဘဂ္ဂဒက်မြို့တော်နှင့် တောင်ပိုင်းဒေသရှိ အီရတ်မြို့များတွင် ရက်ပေါင်းများစွာတိုက်ခိုက်မှု ဆက်လက်ဖြစ်ပွားနေလျက်ရှိသည်။

အင်တာနက်။

တိုက်ခိုက်ရေးသမားများ

မေ ၉ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့ လမ်းမများကို ရှီးယိုက်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ သိမ်းပိုက်

ဘာဆာရာ မေ ၉

အီရတ်နိုင်ငံမှ ရှီးယိုက်ခေါင်းဆောင် မိုတာဒါးအယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် ရာနှင့်ချီသည့် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့လမ်းမများပေါ်သို့ စနေနေ့က ထွက်လာကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

- ပြောကြား -

ရိုင်ဖယ်များ၊ ဒုံးပစ်လောင်ချာများ ကိုင်ဆောင်ထားကြသည့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် ဘာဆာရာမြို့ဒေသအချို့ကို သိမ်းပိုက်လိုက်ကြပြီး လမ်းမများပေါ်၌ စစ်ဆေးရေးစခန်းများထားရှိကြောင်း ၎င်းတို့က ပြောကြားသည်။

- စုရုံးရောက်ရှိ -

ဘာဆာရာမြို့တွင် ဆူပူလှုပ်ရှားမှုဖြစ်နေသည်ကို မိမိသိရှိကြောင်း၊ လက်နက် ကိုင်ဆောင်ထားသူအချို့ အပါအဝင် လူအုပ်ကြီးများသည် တောင်ပိုင်းရေနံ ကုမ္ပဏီဌာနချုပ်အနီး ဘာဆာရာမြို့လယ်သို့ စုရုံးရောက်ရှိလာကြကြောင်း ဗြိတိသျှစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

- အတည်ပြု -

ဘာဆာရာမြို့၏မြောက်ဘက် ၁၁၅ မိုင်အကွာအမ်မာရာမြို့တွင် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် ဆာဒါ၏ လက်နက်ကိုင် တိုက်ခိုက်ရေးသမားတို့အကြား တိုက်ပွဲများဖြစ်ပွားသည် ဆိုသည့် သတင်းကိုလည်း ၎င်းက အတည်ပြုပြောကြားသည်။

- ဒဏ်ရာရ -

ယင်းတိုက်ခိုက်မှုတွင် အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။ လွန်ခဲ့သည့်သီတင်းတစ်ပတ် အမ်မာရာမြို့တွင် ဆာဒါ၏ လက်နက်ကိုင်သမားများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အနည်းဆုံး ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦးတို့ ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကင်းလှည့်

မေ ၉ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့လယ်ဒေသတွင် ကင်းလှည့်နေသော ဗြိတိသျှ သံချပ်ကာကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံရမှုကိစ္စ ဖေဖော်ဝါရီလကတည်းကပင် ဗြိတိသျှအစိုးရ သိရှိခဲ့

လန်ဒန် မေ ၉

ဗြိတိသျှအစိုးရအဖွဲ့သည် အီရတ်အကျဉ်းသားများအား ဗြိတိသျှ တပ်ဖွဲ့ဝင်များက မတော်မတရား ပြုမူခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ ကြက်ခြေနီအဖွဲ့ထံမှ တင်ပြချက်ကို ဖေဖော်ဝါရီလကတည်းကပင် ရရှိခဲ့ကြောင်း ဝန်ခံပြောကြားလိုက်သည်။ ဗြိတိသျှအစိုးရအဖွဲ့သည် ကြက်ခြေနီအဖွဲ့၏ တင်ပြချက်ကို တုံ့ပြန်အရေးယူခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ သို့ရာတွင် ယင်းစွပ်စွဲချက်များနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။ လျှို့ဝှက်အဆင့်ရှိအချက်အလက်များဖြစ်သဖြင့်ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှုသတင်း အိုင်စီအာရ်စီ ဖိအားပေးခံနေရဟုဆို

ဂျီနီဗာ မေ ၁၀

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက အရှက်တကွဲဖြစ်အောင် ပြုမူတွေ့ရှိချက်များကို လူသိရှင်ကြားကြေညာပေးရေး၊ မပေးရေးနှင့်ပတ်သက်သည့် အကျပ်အတည်းကို နိုင်ငံတကာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)နေ့စဉ်ကြုံတွေ့နေရသည်ဆို၏။

အဆိုပါ အရှက်တကွဲပြုမူမှုများကို အီရတ်အကျဉ်းစခန်းများတွင် အိုင်စီအာရ်စီက မျက်မြင်ကိုယ်တွေ့လေ့လာသိရှိခဲ့သည်။ အိုင်စီအာရ်စီသည် နိုင်ငံပေါင်း ၈၀မှ အကျဉ်းသား ၄၆၀၀၀၀ထံ နှစ်စဉ် တိုးတိုးကျိတ်ကျိတ်သွားရောက်လေ့လာလျက်ရှိသည်။ ထိုအကျဉ်းသားများနှင့် အကျဉ်းထောင်များ၏ အခြေအနေနှင့်ပတ်သက်၍ စိတ်ပျက်ဖွယ်တွေ့ရှိချက်များကို တာဝန်ရှိသူအာဏာပိုင်များအား အကြောင်းကြားအသိပေးလျက်ရှိသည်။အကျဉ်းသားများထံ တွေ့ခွင့်ရနေသည့် အိုင်စီအာရ်စီသည် အကျဉ်းသားများထံမှ ကြားသိရသော တိုင်ကြားချက်များကို လူသိရှင်ကြားထုတ်ဖော်မကြေညာဘဲ ရေငုံနှုတ်ပိတ်နေသည်။

သို့သော် ၎င်း၏လျှို့ဝှက်အစီရင်ခံစာတစ်စောင်ကို အမေရိကန် ဝေါစထရီဂျာနယ်က သောကြာနေ့တွင် ဖော်ထုတ်ချိန်မှစ၍ အိုင်စီအာရ်စီမှာ ဖိအားပေးခံနေရသည်ဆို၏။

ထိုအနိဋ္ဌာရုံများနှင့် စပ်လျဉ်း၍ လူသိရှင်ကြားရှုတ်ချခြင်းထက် တိုးတိုးကျိတ်ကျိတ် သတိပေးဆွေးနွေးခြင်းအပေါ် အိုင်စီအာရ်စီက အလေးထားကြောင်း အိုင်စီအာရ်စီ ညွှန်ကြားရေးမှူး ပဲရီကရာချင်ဘူးက သောကြာနေ့က သတင်းစာရှင်းလင်းပွဲတွင် ကာကွယ်ပြောကြားသည်။ သို့သော် အိုင်စီအာရ်စီမှာ ဖိအားပေးခံနေရကြောင်းကိုမူ ၎င်းက ဝန်ခံလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်အကျဉ်းသားများကို ကန်တပ်ဖွဲ့ဝင်များညှဉ်းပန်းနှိပ်စက်မှု ထပ်မံမဖြစ်စေရန် အမေရိကန်အစိုးရအား မလေးရှားဝန်ကြီးချုပ်သတိပေး

ကွာလာလမ်ပူ မေ ၁၀

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့အနီးရှိ အဘူဂါရိပ် အကျဉ်းထောင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအပေါ် မတရားပြုမူဆက်ဆံမှုများ လူသိရှင်ကြားဖြစ်လာခဲ့သည်။ အမေရိကန်အစိုးရသည် အထက်ပါဖြစ်ရပ်မျိုး နောက်တစ်ကြိမ် ထပ်မံမဖြစ်စေရန် တာဝန်ယူ အာမခံရန်လိုအပ်ကြောင်း မလေးရှား ဝန်ကြီးချုပ်အဗ္ဗဒူလာအာမက်ဘာဒါဝီက ပြီးခဲ့သော တနင်္ဂနွေနေ့က ပြောကြားသည်။အကျဉ်းသားညှဉ်းပန်းမှုကိစ္စမျိုး နောက်တစ်ကြိမ် ထပ်မံမဖြစ်စေရန် အမေရိကန်အစိုးရက စစ်ဘက်ဆိုင်ရာများသို့ ညွှန်ကြားချက်အမိန့်များ ထုတ်ပေးခြင်းဖြင့် တားမြစ်ပေးနိုင်ကြောင်း ဘာဒါဝီက ဆိုသည်။

အမေရိကန်သမ္မတဘုရှ်က ကန်တပ်ဖွဲ့ဝင်များ၏ အီရတ်အကျဉ်းသားများအပေါ်နှိပ်စက်မှုနှင့် ပတ်သက်၍ တောင်းပန်ခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဝေဖန်ချက်ပေးပါရန် မေးမြန်းသောအခါ ဘာဒါဝီက အထက်ပါစကားများကို ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရတ်အကျဉ်းသားများနှိပ်စက်သည့်ကိစ္စကို အမေရိကန်သမ္မတက တောင်းပန်ယုံမျှနှင့် လုံလောက်မည်မဟုတ်ကြောင်း၊ အဆိုပါပြဿနာမျိုးနောက်တစ်ကြိမ် မပေါ်ပေါက်စေရန် တားမြစ်ပိတ်ပင်ပေးနိုင်မှသာလျှင် ကောင်းမွန်လိမ့်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်အဗ္ဗဒူလ်ရာဇစ်ကဆိုသည်။

အမေရိကန်များအနေဖြင့် အကျဉ်းထောင်တွင် အကျဉ်းသားများအား မဖွယ်မရာပြုသည်ကိုပြင်းပြင်းထန်ထန် အရေးယူခြင်း၊အကျဉ်းသားများအပေါ် ဆက်ဆံမှုအခြေအနေကို ပြန်လည်ဆန်းစစ်ခြင်းများ ပြုလုပ်သွားရန်လိုအပ်သည်ဟု ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန် အဗ္ဗဒူလ်ရာဇစ်က မှတ်ချက်ပေးသွားသည်။အကြောင်းပြချက်မှာ အီရတ်တွင်အကျဉ်းသားများအပေါ် ဆက်ဆံမှုပြဿနာသည် ဖြစ်တောင့်ဖြစ်ခဲမဟုတ်ဘဲ အခြားသောကိစ္စများနှင့် ဆက်စပ် ဖြစ်ပေါ်နေသောကြောင့် ဖြစ်စဉ်ကိုပြန်လည်ဆန်းစစ်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

၎င်းက အကျဉ်းသားနှိပ်စက်မှုနှင့် ဆက်စပ်နေသူများကိုဖော်ထုတ်ပြီး ပြင်းပြင်းထန်ထန် အရေးယူသင့်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

မဂ္ဂင်ဆရာတော် အမဲစမ်းတောရ စခန်းတွင် တရားဟောကြားမည်

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အရိယာမဂ္ဂင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိယသည် မွန်ပြည်နယ် ပေါင်မြို့နယ် ကွဲခြံတောင်ရှိ အမဲစမ်းတောရစခန်းတွင် နိဗ္ဗာန်ရောက်ကြောင်း အလုပ်ပေး တရားတော်များကို မေ ၁၂ ရက်မှစ၍ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြိုးခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ဆောင်းပါးစက်ရုံ ကုန်ချော(၁)

သက်တူမြတ်နိုး ကက္ကူတန်ခိုး ပေါင်းစည်းခြင်းတန်ဖိုး

ရတနာစည်ဆရာတော်(လွိုင်လင်)

အချီ

ကုန်ကြမ်းတွေ အလျှံပယ်ရှိနေပါလျက် ကုန်ချောအဖြစ် မထုတ်လုပ်နိုင်လျှင် စက်ရုံမှူး၏ တာဝန်သာဖြစ်၏။ ဆောင်းပါးဖြင့် မှတ်တမ်းတင်ဖွယ်တွေ အလျှံပယ်ရှိနေပါလျက် ဆောင်းပါးအဖြစ် ပေါ်ထွက်မလာနိုင်သေးခြင်းအတွက် မိမိကိုယ်မိမိ အားမလိုအားမရဖြစ်နေမိသည်မှာ အမှန်ပင်ဖြစ်ပါ၏။

ယနေ့နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုနှင့် သာသနာပြု အမွန်အမြတ်ဆောင်ရွက်မှုများစွာ၊ ဖြည့်ဆည်းမှုများစွာထဲမှ အရှင်တို့ လက်လှမ်းတမီအတွင်း၌ပင်လျှင် ဆောင်းပါးပေါင်းများစွာ ပေါ်ထွက်လာရန် ကုန်ကြမ်းသဖွယ်ဖြစ်သော ခေါင်းစီးများ မှတ်ဉာဏ်ဂိုဒေါင်ထဲသို့ ဝင်လာနေပါလျက် ကုန်ချောဆောင်းပါးအဖြစ် လက်စက်ရုံမှ မထုတ်လုပ်နိုင်ခဲ့။ “သက်တူမြတ်နိုး ကက္ကူတန်ခိုး ပေါင်းစည်းခြင်းတန်ဖိုး”၊ “နိုးထရင်းပြိုးလာသော ကွမ်းခြံကုန်းမြို့နယ်”၊ “ချွေးစက်သံလမ်းနှင့် ပြိုးပန်းရထား”၊ “တပ်မတော်သားများနှင့် ပြည်ထောင်စုရထား” စသော ခေါင်းစီးများ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစုတို့က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ရှေးဟောင်းမွေတော်ကက္ကူ စေတီပေါင်းများစွာထဲမှ ရုပ်စုံစေတီတော်တစ်ဆူအား ပြုပြင်မွမ်းမံလျက် ရွှေထီးတော်တင် မဟာမင်္ဂလာသဘင် ဆင်ယင်ပူဇော်ခြင်းနှင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုတို့ကလည်း ရုပ်စုံစေတီတော်တစ်ဆူအား ပြုပြင်မွမ်းမံလျက် ရွှေထီးတော်တင်လှူပူဇော်ခြင်းဟူသော သာသနာပြုအမွန်အမြတ် ကောင်းမှုမှတ်စုများ။

ဇာတိချက်ကြွေ မွေးရပ်မြေကွမ်းခြံကုန်းမြို့၌ ဇာတိသား ထူးချွန်သူတစ်ဦးဖြစ်သော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ဦးဆောင်မှုဖြင့် ယခင်အမျိုးသားကျောင်းကို သုံးထပ်ကျောင်းဆောင်သစ်ကြီးအဖြစ် ထိုက်တန်စွာ တည်ဆောက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ဖွင့်ပွဲတက်ရောက် ချီးမြှင့်ကာ အမှာစကားပြောကြားခြင်းဟူသော တိုင်းကျိုးပြည်ပြုမုဒိတာမှတ်စုများ။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင် တောင်ဘက်ခြမ်းရှိ မဖွံ့ဖြိုးသေးသော ကျေးရွာများအရောက် တပ်မတော်သားတို့၏ လုပ်အားဖြင့် ပင်ပန်းခက်ခဲစွာ ရထားလမ်းများ ဖောက်လုပ်လျက်ရှိသည်တွင် အပိုင်းလိုက်၊ အပိုင်းလိုက် ဖောက်လုပ်ပြီးစီးသွားသော မီးရထားလမ်းဖွင့်ပွဲများဝယ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခြင်းဟူသော၊ ပြည်ထောင်စုအကျိုးပြု သောမနဿမှတ်စုများ စသည် စသည်တို့မှာ မှတ်ဉာဏ်ဂိုဒေါင်ထဲ၌ ကုန်ကြမ်းအဖြစ်သာ တည်ရှိနေပြီး လက်စက်ရုံသို့ ရောက်မလာနိုင်သေးသဖြင့် ကုန်ချောဆောင်းပါးအဖြစ် ပေါ်ထွက်မလာနိုင်သေးသည့် အကြောင်းအရာများ ဖြစ်ပါသည်။

သည်သို့ရှိနေစဉ် ယခု ၁၃၆၆ ခုနှစ် နှစ်ဆန်းပိုင်းတွင်သော် ဤအရှင်တို့၏ ဆောင်းပါးများကို အမြဲတမ်း သတင်းစာများ၌ ထည့်သွင်းဖော်ပြပေးလျက်ရှိပါသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ဇနီး ဒါယိကာမကြီး ဒေါ်ကြည်ကြည်ဝင်းထံမှ ဖုန်းဖြင့်လျှောက်ထားလွှာကြားလာရပါလေ၏။ “ဆရာတော်ထံမှ ဆောင်းပါးများ ရောက်ရှိမလာသည်မှာ ကြာပြီဖြစ်ပါ၍ ကျန်းမာရေးချို့တဲ့နေသလားဟု ဒါယကာကြီးက စိုးရိမ်လျက်ရှိပါကြောင်း” စသည်ဖြစ်ပါ၏။ ဤတွင် “ကျန်းမာလျက်သာရှိပါကြောင်း၊ ဆောင်းပါးကြမ်းများရှိနေပြီးဖြစ်ပါကြောင်း၊ အလုပ်ကိစ္စတွေများနေ၍ ကုန်ချောမထွက်သေးတာ ဖြစ်ပါကြောင်း၊ ယခု အချောရေးသားနေပါကြောင်း” စသည်ဖြင့် ပြန်ကြားရပါသည်။ သို့ဖြင့်...။

(က)

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တစ်လုံးမြို့ ကက္ကူရွာအနီး၌ ပထမမြန်မာနိုင်ငံတော် ခေတ်ကတည်းက တည်ရှိတော်မူခဲ့သည့် ကက္ကူစေတီစုများသည် မြန်မာမင်းအဆက်ဆက် လက်ထက် အဆင့်ဆင့်တို့၌ ဘုန်းပွင့်မြဲပွင့်ခဲ့သော်လည်း နယ်ချဲ့ခေတ်နှစ်တစ်ရာနှင့် လွတ်လပ်ရေးနှစ်လေးဆယ်ကာလတစ်လျှောက်တွင်မူ ဘုန်းမတောက် ရောင်မထိန် မှေးမှိန်ခဲ့ရာမှ ယနေ့ တပ်မတော်အစိုးရလက်ထက်၌ကား တက်ပွားသောဘုန်းတေဇာ လက်ဖြာသောဂုဏ်တန်ခိုး ဖြိုးဖြိုးဝင့်ဝင်းလက်လာတော်မူလေပြီ။

ယင်းရလဒ်၏တည်ကိန်းများ (သို့မဟုတ်) ယင်းအကျိုးဖလ၏ အကြောင်းရင်းကမ္မများကို ဖွေရှာစိစစ်သော် ဤသို့တွေ့မြင်ရ၏။

(၁) ယနေ့ နိုင်ငံတော်အစိုးရ၏ သာသနာတော်အပေါ် ထားအပ်သော စေတနာခာတ် ခိုင်မတ်ကျယ်ပြောခြင်း။

(၂) ထိုစေတနာခာတ်၏ ဆွဲငင်အားကြောင့် တိုင်းတစ်ပါးမှ စေတနာရှင်များ ပေါ်ထွက်လာခြင်း။

(၃) ဒေသတစ်ဝန်း တည်ငြိမ်အေးချမ်းမှုဖြစ်ထွန်းနေခြင်း။

ယင်းအကြောင်းရင်းကြီးသုံးရပ်၏ ခိုင်မတ်သော တြိဂံအနေအထားမဖြစ်ထွန်းခဲ့လျှင် ယနေ့ ကမ္ဘာလှည့်ခရီးသည်များ၏ အံ့အားသင့် ကြည်နူးရာနေရာ တစ်နေရာအဖြစ် ထွန်းသစ်လာလေပြီဟု ဇော်သဗျာကရဏ (အာမခံစကား) ပြောကြားရန် ဝံ့ရဲဦးမည်မဟုတ်ပါချေ။

(ခ)

ပုဂံခေတ်၏ မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သော နရပတိစည်သူ (၅၃၆-၅၇၃) ကိုယ်တိုင် တိုင်းခန်းလှည့်လည်ရင်း ဤနေရာသို့ရောက်ရှိလာကာ ဘုရားဒါယကာအဖြစ် ခံယူ၍ တည်ထားကိုးကွယ်ခဲ့သော မူလစေတီတော်မှာ သံတောင် ခြောက်တောင် နှစ်မိုက် နှစ်သစ် ဉာဏ်တော်ရှိခဲ့၏။ (သံတောင်တစ်တောင်မှာ ယခုခေတ်သုံး လက်မဖြင့် တစ်ဆယ့်ကိုးလက်မရှိ၏)။

တိုင်းခန်းလှည့်လည်စဉ် အပြီးတည်သော စေတီတော်ဖြစ်သဖြင့် မြင့်မြင့်မားမား ငွားငွားစွင့်စွင့် မပွင့်သည့်တိုင်အောင် “ငယ်သာငယ် ကယ်ဆယ်မယ့်ဘုရား” ဟူသောစကားအရ ရွှေထီးတော်တင်လှူပူဇော်အပြီးတွင်မူ ဘုရင်မင်းမြတ်ကိုယ်တိုင်က “ဤစေတီတော်ကား အသက်နှင့်ထပ်တူ မြတ်နိုးဖွယ်ပါတကား” ဟု ဥဒါန်းကျူးမိသည်အထိ ပီတိဇောစိတ် တဖိတ်ဖိတ် ရိပ်ရိပ်တက်တောက်ပလာခြင်းနှင့်အတူ ဘုရင်မင်းမြတ်ဥဒါန်းအတိုင်း “သက်တူစေတီ”ဟူ၍ ဘွဲ့နာမတော်ဖြစ်ထွန်းခဲ့ပြီး နောင်သော် သာသနာပြုမင်းကောင်းမင်းမြတ်များ အဆက်ဆက် မူလစေတီတော်ကို ထပ်မံပြုပြင်ကိုးကွယ်ခဲ့ကြခြင်း၊ စေတီပွား၍ ကိုးကွယ်ခဲ့ကြခြင်း၊ တတ်နိုင်ကြသူ မှူးမတ်များကလည်း တတ်နိုင်သလို စေတီပွားများ တည်ထားကိုးကွယ်ခဲ့ကြခြင်းတို့ကြောင့် စေတီအဆူပေါင်းမှာ “တောင်သူကွမ်းညှပ် တဖျတ်ဖျတ်”ဟူသော သင်္ကေတအဆိုတစ်ခု ယနေ့တိုင်မပျောက်မကွယ် ပြောထုံးရှိနေသေးသည့်အတိုင်း “တောင်-၇၊ သူ-၆၊ ကွမ်း-၂၊ ညှပ်-၃” ဖြစ်သောကြောင့် စေတီအဆူပေါင်း ၇၆၂၃ဆူ တပေါင်းတစည်းတည်း ဖြစ်ထွန်းတည်ရှိလာခဲ့ပါသည်။

ယင်းသို့ စေတီကြီးငယ် အဆူပေါင်း ၇၆၂၃ ဆူရှိခဲ့သည်မှ ယနေ့သော် အဆူပေါင်း ၂၄၈၇ ဆူမျှသာ တည်ရှိတော့သဖြင့် နယ်ချဲ့ခေတ်နှင့် လွတ်လပ်ရေးခေတ် နှစ်လေးဆယ်အတွင်း ထိန်းသိမ်းပြုပြင်စောင့်ရှောက်မှု ကင်းမဲ့ခဲ့သောကြောင့် ပြိုပျက်ခဲ့ရသည့် စေတီအဆူပေါင်းမှာ ၅၁၃၆ ဆူဖြစ်ကြောင်း ထင်းထင်းထင်ထင် တွေ့မြင်သိရှိရပါ၏။

(ဂ)

ယနေ့ တပ်မတော်အစိုးရ တက်ရောက်လာပြီးနောက် နိုင်ငံရေးဦးတည်ချက် (၄)ရပ်ကို ခိုင်ကျည်စွာချမှတ်ပြီးသော် “နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး”ကိုလည်းကောင်း၊ “အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး”ကိုလည်းကောင်း မဖြစ်မနေ ကြိုးပမ်းခဲ့ရာဝယ် တကယ်ပင် ဦးတည်ချက်ပေါက်မြောက်အောင်မြင်ခဲ့သည့်တွင် ဤဒေသတစ်ခွင် တိမ်စင်သော ကောင်းကင်သဖွယ် တည်ငြိမ်အေးချမ်းလာပြီး ကားလမ်းအဆင့်မြှင့်ပေးနိုင်ခြင်း၊ ရထားလမ်းသစ်ဖောက်လုပ်ပေးနိုင်ခြင်းတို့ကြောင့် ဘုရားဖူးသူများ များပြားစည်ကားလာသဖြင့် ကက္ကူစေတီများ၏ ဘုန်းတန်ခိုးသည် တစ်ဟုန်ထိုးမြင့်မားလာလေတော့၏။

ဤတွင် စင်ကာပူနိုင်ငံမှ ဗုဒ္ဓဘာသာရွှေဘုရားကျောင်းဆရာတော် ဗင်ရှီဖာဇော့ ဦးဆောင်သော စင်ကာပူ ဗုဒ္ဓဘာသာဝင်တို့က ကက္ကူစေတီစုအား ပြုပြင်မွမ်းမံရန်အလို့ငှာ ပထမအကြိမ် အလှူတော်ငွေ ကျပ်သိန်း ၄၀၀၊ ဒုတိယအကြိမ် အလှူတော်ငွေကျပ်သိန်း ၃၂၀ တို့ကို နိုင်ငံတော်အစိုးရမှတစ်ဆင့် ပအိုဝ်းအမျိုးသားအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီထံ ပေးအပ်လှူဒါန်းခြင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဦးဆောင်သောအဖွဲ့သည်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော အဖွဲ့သည်လည်းကောင်း ကက္ကူစေတီစုသို့ ဘုရားဖူးရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားရန် ရောက်ရှိလာခြင်း၊ ထို့အပြင် သီရိလင်္ကာနိုင်ငံအစိုးရနှင့် သံဃာဇာတို့က သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓဓာတ်တော်များ ပင့်ဆောင်လာကြကာ ကက္ကူစေတီစု၌ ပူဇော်ထားရှိခြင်းတို့ကြောင့် ယနေ့သော် ကက္ကူစေတီစု၏ ရှေးဟောင်းသမိုင်းဝင်မှုနှင့် တည်ရှိပုံအနေအထား ထူးခြားမှုတို့အရ ကမ္ဘာကပင် သိရှိနေလေပြီ။

ယင်းကက္ကူစေတီစုအတွင်းမှ ဒုတိယအကြီးမားဆုံးဖြစ်သည့် ဖောင်တော်ဆိုက် စေတီတော်အား ဘုရားဒါယကာအဖြစ်ခံယူကာ ပြုပြင်မွမ်းမံပြီး ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲကို ၉-၁၂-၂၀၀၃ ရက်စွဲ၌ ဘုရားဒါယကာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကိုယ်တိုင် တက်ရောက်ကျင်းပခဲ့လေပြီ။ ယင်းပွဲတော်ကြီးနှင့် စပ်လျဉ်း၍ သူတော်ကောင်းတို့ နှစ်ထောင်းအားရစွာ ဖတ်ရှုနိုင်ပါစိမ့်သောငှာ “သဒ္ဓါလက်လူ ပွင့်ခက်ကြူ ကက္ကူစေတီစု” ခေါင်းစီးဖြင့် ရက်ဆက်ဆောင်းပါး ရေးသားခဲ့ရာ ပြန်ကြားရေးဝန်ကြီးက ၃-၂-၂၀၀၄ ရက်စွဲနှင့် ၄-၂-၂၀၀၄ ရက်စွဲတို့တွင် သတင်းစာများ၌ ထည့်သွင်းဖော်ပြပေးခဲ့ပါပြီ။

(ဃ)

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ဘုရားဒါယကာ၊ ဘုရားဒါယိကာမအဖြစ်ခံယူ၍ ပြုပြင်မွမ်းမံကာ ရွှေထီးတော်တင်လှူပူဇော်ခဲ့ပါသော ယင်းဖောင်တော်ဆိုက်စေတီတော်အနီး၌ ယခင်ကတည်းက နတ်သားရုပ်၊ နတ်သမီးရုပ်စသော ရုပ်စုံတို့ဖြင့် တန်ဆာဆင်တည်ထားခဲ့သော ရုပ်စုံစေတီတော်များ တည်ရှိနေခဲ့ရာ ပျက်စီးယိုယွင်းနေပြီဖြစ်သဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေမိသားစုတို့က ပြန်လည်ပြုပြင်မွမ်းမံပြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ၇-၂-၂၀၀၄ ရက်စွဲ၌ ဘုရားဒါယကာ၊ ဘုရားဒါယိကာမများကိုယ်တိုင် ဦးဆောင်ကျင်းပခဲ့ကြပါသည်။

ထိုနေ့ နံနက် ၇ နာရီတွင် နိုင်ငံတော်ဩဝါဒါစရိယအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဆန္ဒာဓိက အမှူးပြုသော ပင့်သံဃာတော်များကို ရှမ်းပြည်နယ် သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်နှင့် ဒုဦးစီး ဦးသန်းညွန့်တို့က ကက္ကူစေတီမွှာရုံသို့ ပင့်ဆောင်ပြီး မရှေးမနှောင်းမှာပင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီးဒေါ်ဝင်းဝင်းနု၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များရောက်ရှိလာကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်တိုင်းရင်းသားခေါင်းဆောင်များက အိုးစည်ဗုံမောင်းတီးမှုတ် ကြိုဆိုကြကာ ကက္ကူမွှာရုံအတွင်းသို့ ရောက်ရှိလာကြ၏။

နိုင်ငံတော်ဝန်ကြီးချုပ်က သိမ်တောင်ဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော်များအား ဂါရဝဖြင့် ဦးချရှိခိုးပြီးနောက် မာကြောင်းသာကြောင်းလျှောက်ထားရင်း တစ်ဆက်တည်း ဤသို့ လျှောက်ထား၏။

“ဆရာတော်ဘုရား၊ အခု ဒီဒေသတစ်ခွင်မှာ တည်ငြိမ်အေးချမ်းနေပြီဆိုတော့ ဒေသခံတွေ၊ တိုင်းရင်းသားတွေ သွားရေးလာရေး ရောင်းဝယ်ရေး စီးပွားရေးတွေ ကောင်းနေတော့မှာပေါ့ဘုရား”

သိမ်တောင်ဆရာတော်ကြီးက ကြည်လင်စွာ ပြန်လည်မိန့်ကြား၏။

“ဟုတ်တယ်ဒကာကြီး၊ ပအိုဝ်းတိုင်းရင်းသားတွေ သူဌေးဖြစ်ကုန်ကြပြီ။ အရင်ကဆို အလကားပေးတောင် မယူချင်ကြတဲ့ မြေကွက်တွေ ခုဆိုသိန်းရာချီတန်လာနေပြီလေ။ ဒီမြေတွေပေါ်မှာ စိုက်ကြပျိုးကြနဲ့ သူဌေးတွေဖြစ်ကုန်ကြပြီ”

နိုင်ငံတော်ဝန်ကြီးချုပ်၏ မျက်နှာပြင်ပေါ် ကြည်နူးရိပ်ဖြတ်သန်းသွားကြောင်း ဤအရှင်တို့ အမှတ်ထင်ထင် သတိပြုမိလိုက်ပါသည်။

သို့ဖြင့် အခမ်းအနားစတင်ချိန်ရောက်လာသောအခါ အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ် သာသနာရေးဦးစီးဌာန ဒုတိယဦးစီး ဦးသန်းညွန့်ကဆောင်ရွက်၍ အစီအစဉ်အရ နမောတဿဖြင့် အခမ်းအနားဖွင့်၊ သိမ်တောင်ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ၊ စိန်ဖူးတော်စသည့် စေတိယသမ္ဗန္ဓနှင့် ဒါနဒါတဗ္ဗတို့ကို သံဃာတော်များအား ဆက်ကပ်၊ သံဃာတော်များက ပရိတ်မေတ္တာရွတ်ပွား၊ သိမ်တောင်ဆရာတော်ကြီးက အနုမောဒနာနှင့် ရေစက်ချချီးမြှင့်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ရေစက်ချအမျှပေးဝေကြကာ အခမ်းအနား ပထမပိုင်း ပြီးစီးအောင်မြင်လေ၏။

ယင်းမှ ဒုတိယပိုင်း ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပရန် ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သော တာဝန်ရှိသူများ ကက္ကူမွှာရုံမှ ရွှေထီးတော်တင်လှူပူဇော်မည့် ရုပ်စုံစေတီသို့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်သွားကြသည်တွင် သာသနာ့အလံကိုင်အဖွဲ့၊ ဒေဝါဝင်းအဖွဲ့၊ ရာဇာဝင်းအဖွဲ့များ ခြံရံလျက် ရုပ်စုံစေတီကို လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ် မင်္ဂလာစည်တော်အဖွဲ့၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်အဖွဲ့တို့က ဂီတဖြင့် ပူဇော်ကြသကဲ့သို့ ဒေသခံ ပြည်သူများကလည်း တစ်ခဲနက်လိုက်ပါ ကြည်နူးစွာ မုဒိတာခြေလှမ်းလှမ်းလျက်ရှိကြကုန်၏။

ထိုမှ စိန်ဖူးတော်စသည့် စေတိယသမ္ဗန္ဓဝတ္ထုများကို ရထားပျံ မဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး ရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြကာ ကြိုတင်တက်ရောက်နေရာယူထားကြသည့် ဥပါသကာများက စေတီတော်အား ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြ၍ မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ငြမ်းထက်သို့ တက်ရောက်လျက် ရုပ်စုံစေတီတော်အား စိန်ဖူးတော်ကို ကိုယ်တိုင်သာဟတ္ထိက ဒါနမြောက် တင်လှူပူဇော်ရင်း အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းတို့ဖြင့် အောင်ခြင်းပြည့်ဝ ဝိဇယမင်္ဂလာ ကောင်းစွာပြီးမြောက်လေသော် ဥပါသကာဦးသိန်းညွန့်က ကောင်းမှုအဝဝကို အမျှပေးဝေလေရာ သာဓုခေါ်သံ မိုးနဘံ ညံ့ညံ့မြည်ဟိန်းလေတော့၏။

ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့က ရုပ်စုံစေတီတော်ကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား နိဂုံးပိုင်းအဖြစ် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု အောင်ဆုသုံးကြိမ် ပီတိစိမ်ရင်း လင်းထိန်တောက်ပ အာသီသဖြင့် ဆန္ဒညွှန် ဆုတောင်းကာ အောင်မြင်စွာ ပြီးမြောက်လေတော့၏။ ထိုမှ ရွှေမိုးငွေမိုးရွာသွန်းခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်ခြင်းတို့ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့၏ သာသနာပြုကုသိုလ်ကြည်ညိုမနော ပီတိဇောသည် အဟောဝတ ဖြစ်တည်လေတော့၏။

(င)

မူလဘုရားဒါယကာ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်က အသက်နှင့်ထပ်တူ မြတ်နိုးခဲ့သည့် ဤကက္ကူစေတီများ၏ တန်ခိုးရောင်လျှံကို မြန်မာနိုင်ငံ-နိုင်ငံတော်အစိုးရက ပြည်တွင်း၊ ပြည်ပ စေတနာရှင်များ၏ သဒ္ဓါတရားဖြင့် မြင့်မားစွာမြှင့်ထားပေးသည့်ပြင် နိုင်ငံတော်အစိုးရကိုယ်တိုင်ကလည်း သာသနာပြု မင်းကောင်းမင်းမြတ်တို့၏ထုံးကိုနှလုံးမူကာ တစ်ဆူပြီးတစ်ဆူ ရှေးမူမပျက် ပြုပြင်မွမ်းမံ၍ ရွှေထီးတော်တင် မင်္ဂလာသဘင်များ ဆင်ယင်ကျင်းပခြင်းသည် “ဘာသာရေးအနှစ်သာရအားဖြင့် သာသနာ့ဘုန်းရှိန် တထိန်ထိန်ထွန်းလင်းခြင်း၊ နိုင်ငံရေးအနှစ်သာရအားဖြင့် ကက္ကူစေတီစု၏ တပေါင်းတစ်စည်းတည်းသော အနေအထား ဒြပ်အသွင်တန်ခိုးရိပ်ဝယ် မြန်မာနိုင်ငံ တနံတစ်လျားတိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ မျိုးနွယ်စုပေါင်းစုံတို့၏ ပေါင်းစည်းခြင်းတန်ဖိုး ပွားတိုးမြင့်မားခြင်း” ဟူသော အဓိပ္ပာယ်နှစ်ရပ် မတ်မတ်ခိုင်ကျည်ရန်အတွက်ဖြစ်ပေရာ အမှန်တကယ်ပင် သက်တူမြတ်နိုး ကက္ကူတန်ခိုး ပေါင်းစည်းခြင်းတန်ဖိုးများ တိုးပွားဝဲဝင့် အမြဲမြင့် ကဲဆင့်လျက်သာ တည်နေပါတော့သတည်း။ ။

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း မကွေးတိုင်း မင်းဘူး(စကု) မြို့နယ်ရှိ ဗုဒ္ဓမြတ်စွာ၏ အောက်စက်တော်ရာအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအားခေတ်ကျော်လွှား



☆ **ကျောဖုံးမှ**

ဆက်လက်၍ အထက်စက်တော်ရာသို့ သွားရောက်ကြပြီး အထက်စက်တော်ရာစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် အထက်စက်တော်ရာစေတီတော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မန်းရွှေစက်တော်ဘုရား ဘက်စုံမွမ်းမံပြုပြင်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မန်းရွှေစက်တော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မန်းရွှေစက်တော်ကိုးခန်းကြီးတန်ဆောင်းရှိ မဟာမြတ်မုနိရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မကွေးတိုင်း မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ပူဇော်ပွဲနှင့် နှစ်ထပ်ကျောင်းဆောင် ငွေလှူပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၁

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်းရှိ သီရိမင်္ဂလာမဟာစည်ရိပ်သာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇမ္ဗူမော်စာချဆရာတော် ဘဒ္ဒန္တဝိစိတ္တာဝံသအား ပူဇော်ခြင်းမင်္ဂလာ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ တွံတေး အရှင်ဣန္ဒကအား ပူဇော်ခြင်းမင်္ဂလာ၊ ဒဂုံမြို့ဦး ဘုန်းတော်ကြီးပညာသင် နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ခြင်းအတွက် အလှူငွေပေးအပ်ပွဲ၊ကျောင်းဆောင်သစ်အပ်ပွဲမင်္ဂလာနှင့် မြဝတီမင်းကြီး (၁)လမ်းနှင့် ဘုရင့်နောင် လမ်းသွယ်(၁) ကျောက်ချော ကတ္တရာလမ်းဖွင့်ပွဲမင်္ဂလာများကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက် (မေ ၁၅ရက်) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ တပည့်ရဟန်းများ၊ ဒါယကာ၊ဒါယိကာမများကြွရောက်ပူဇော်ကြရန်နှင့် ရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဖုန်း-၅၈၀၄၅၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

သံအမတ်ကြီးဦးခင်မောင်အေး ဟယ်လင်းနစ်သမ္မတထံ ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၁၂

ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်မောင်အေးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် ဧပြီ ၃၀ရက်တွင် အေသင်မြို့၌ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကွန်စတန်တီနို၊ စတီဖန်နိုပိုလော့စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၁-၅-၂၀၀၄)

မကွေး - ၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန် - ၂၉ ဒသမ ၅ ဒီဂရီ စင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၁-၅-၂၀၀၄)

သထုံ - ၁ ဒသမ ၉၇ လက်မ

ပူတာအို - ၁ ဒသမ ၅၇ လက်မ

ရုပ်မြင်သံကြား MRTV-4 မကြာမီထုတ်လွှင့်မည် ဖျော်ဖြေရေးအစီအစဉ်များ ဝေဝေဆာဆာပါဝင်

ရန်ကုန် မေ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားလိုင်းသစ် **MRTV-4** ကို ၂၀၀၄ ခုနှစ် မေ ၁၅ရက်တွင် စတင်စမ်းသပ်ထုတ်လွှင့်တော့မည်ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားလိုင်းတွင် ပြည်သူများ ဗဟုသုတကြွယ်ဝစေမည့် သိကောင်းဖွယ်ရာအစီအစဉ်များအပြင် ဖျော်ဖြေရေးအစီအစဉ်များ၊ သတင်းများ ဝေဝေဆာဆာပါဝင်မည်ဖြစ်သည်။

ထည့်သွင်းပေးထား

MRTV-4 ကို ဖမ်းယူကြည့်ရှုနိုင်မည့် မြန်မာမီဒီယာစက် **MMBox** တွင် နေ့စဉ် ပြည်တွင်း၊ ပြည်ပ ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားသုံးကား၊ နိုင်ငံခြားဇာတ်လမ်းတွဲများ၊ တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ကာရာအိုကေတေးသီချင်းများ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြား ကောက်နုတ်ချက်အစီအစဉ်များ၊ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်နှင့် လစဉ်ထုတ် မဂ္ဂဇင်းများကိုလည်း ထည့်သွင်းပေးထားမည်ဖြစ်သည်။

ယင်းအစီအစဉ်များကို ပြည်သူများအနေဖြင့် နှစ်သက်ရာအချိန်တွင် ရွေးချယ်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်များ၊ တိုင်းရင်းသားအစီအစဉ်များအပါအဝင် **Yangon City FM** အစီအစဉ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် **MMBox**ဖြင့် နားဆင်နိုင်ရန် စုလင်စွာ စီစဉ်ထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇း၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈း၁၀ ၆။ အတီးပြိုင်ပွဲ

၈း၂၀ ၇။ ဆပ်သွားတံတား

၈း၃၀ ၈။ International News.

၈း၄၅ ၉။ Happy and Educational English Summer Course (MRTV)

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ Practice in Reading.

၄း၄၅ ၄။ တေးဂီတအစီအစဉ်

၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ်(သင်္ချာအထူးပြုများ) (သင်္ချာ)

၅း၁၅ ၆။ သီချင်းကြီးပဒေသာ

၅း၃၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ

၅း၄၅ ၈။ ယူးချောင်းတံတား

၅း၅၅ ၉။ တေးဂီတအစီအစဉ်

၆း၁၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

၆း၂၀ ၁၁။ Discovery.

၆း၃၀ ၁၂။ ညနေခင်းသတင်း

၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ

၇း၂၀ ၁၅။ တေးဂီတအစီအစဉ်

၇း၃၅ ၁၆။ စွမ်းဆောင်ကြိုးပမ်း ရှေ့သို့လှမ်း၍ အောင်ပွဲဆင်နေ မြန်မာ့ရွက်လှေ(အပိုင်း-၁)

၈း၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း-၃၄)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မကွေးတိုင်း စလင်းမြို့နယ်ရှိ အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်၏ရှင်းလင်းဆောင်တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**
စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့်အတူ မေ ၉ရက် နံနက် ၇နာရီခွဲတွင် ပုဂံ-ညောင်ဦးမှ မကွေးတိုင်း စလင်းမြို့နယ်ရှိ အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်၏ တည်ဘိုကန် မြေလွတ်မြေလပ်ဖော်ထုတ်ရေး စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က မင်းဘူးခရိုင် စလင်းမြို့နယ် တည်ဘိုကန်ဒေသတွင် မြေလွတ်မြေလပ်များ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ခွင့် ရရှိခဲ့မှု၊ တည်ဘိုကန်ဒေသ၏ မြေအနေအထားနှင့် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေအမျိုးအစားဖြစ်အောင် မြေယာပြုပြင်ခဲ့မှု၊ စိုက်ပျိုးရေရရှိရေးအတွက် တစ်ပိုင်တစ်နိုင်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နှစ်ရှည်နှင့် ရာသီသီးပင်များ စိုက်ပျိုးလျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးရေ တိုးချဲ့ရရှိရန် ပြင်ဆင်ဆောင်ရွက်စီမံနေမှုများကို ရှင်းလင်းတင်ပြသည်။

လယ်မြေလုပ်ကွက်ကြီးများ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် အရင်းအနှီးရှိပြီး လုပ်ကိုင်နိုင်စွမ်းရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ်မြေရိုင်းများကို လယ်မြေယာမြေများအဖြစ် ဖော်ထုတ်လုပ်ကိုင်ခွင့်ပြုခဲ့ရာ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့၌ လယ်မြေလုပ်ကွက်ကြီးများ၊ မကွေးတိုင်း၌ ယာမြေလုပ်ကွက်ကြီးများ၊ တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ခင်းကြီးများ ပေါ်ထွက်လာခဲ့ကြောင်း။

နိုင်ငံတော်၏ ပေါကြွယ်ဝသော မြေသယံဇာတများကို ထိရောက်စွာ အကျိုးရှိရှိအသုံးချပြီး လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှုတိုးတက်အောင်၊ စိုက်ပျိုးလုပ်ကိုင်သော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အကျိုးရှိဖြစ်ထွန်းပြီး အောင်မြင်ကြီးပွားသော တိုင်းရင်းသား လုပ်ငန်းရှင်ကြီးများဖြစ်လာအောင် မိမိတို့ ပြုစုပျိုးထောင် အားပေးနေခြင်းဖြစ်ကြောင်း။

ထိုးဖောက်တင်ပို့

ခေတ်မီစက်ယန္တရားများ အသုံးပြုသည့် လုပ်ငန်းရှင်များ၏ ခေတ်မီ လယ်ယာလုပ်ကွက်များမှ စီးပွားဖြစ်စိုက်ပျိုးထွက်ရှိလာသော အရည်အသွေးမီ သီးနှံများ အမှန်တကယ်လက်တွေ့ ပေါ်ထွက်လာမှသာ ပြည်ပဈေးကွက်သို့ ထိထိရောက်ရောက် ထိုးဖောက်တင်ပို့နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံများကို ပြည်ပသို့ စီးပွားဖြစ်တင်ပို့နိုင်သည်အထိ တိုးတက်မှုရရှိလာအောင် မြင့်မားသည့် ရည်မှန်းချက်ထားရှိ လုပ်ကိုင်ရန် လိုကြောင်း။

ဝါတိုးချဲ့စိုက်ပျိုး

မကွေးတိုင်း၏ ရေမြေအခြေအနေအရ ဝါသီးနှံ ဖြစ်ထွန်းနိုင်သည်ဖြစ်ရာ ဝါစိုက်ခင်းကြီးများအဖြစ် တိုးချဲ့စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း။

ဝါဖြစ်ထွန်းနိုင်သည့်ဒေသ၌ ဝါစိုက်၍စပါးဖြစ်ထွန်းနိုင်သည့်ဒေသ၌ စပါးစိုက်ပျိုးသွားရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက စိုက်ပျိုးရေရရှိရေး အပါအဝင် လိုအပ်သည်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပံ့ပိုးကူညီသွားမှာ ဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်းသော လယ်ယာစိုက်ကွက်ကြီးများ ပေါ်ထွန်းလာမှလည်း နိုင်ငံတော်၏လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုသည် အရေအတွက်သာမက အရည်အသွေးပါ အရှိန်အဟုန်ဖြင့် တိုးတက်လာမှာဖြစ်ကြောင်း။

အမြဲအလေးထားလုပ်ကိုင်

ဤနေရာ၌ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး ဆိုသည့် မိမိတို့၏ စီးပွားရေးဦးတည်ချက်ကို အမြဲအလေးထားလုပ်ကိုင်သွားကြရန် ဖြစ်ကြောင်းမှာကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က လင်းဇင်းရေပေးတူးမြောင်းမှတစ်ဆင့် ရေပေးဝေနိုင်သည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စိုက်ပျိုးရေပိုမိုရရှိနိုင်သည့် နည်းလမ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးတိုင်း၏သီးနှံမျိုးစုံစိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်၏ ညွှန်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဝါစိုက်ပျိုးရေးစခန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ်ရှိ တပ်မတော်ဝါစိုက်ပျိုးရေးစခန်း(ပွင့်ဖြူ)သို့ ရောက်ရှိကြရာ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဗိုလ်မှူးကြီးအောင်သန်းထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်က တပ်မတော်ဝါစိုက်ပျိုးရေးစခန်း(ပွင့်ဖြူ)နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ တပ်မတော်ဝါစိုက်ပျိုးရေးစခန်း(ပွင့်ဖြူ)ထူထောင်ရသည့် ရည်ရွယ်ချက်များ၊ ဝါစိုက်ဧကတစ်သောင်းစိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဝါစိုက်ဧက ၁၅၀၀၀ထိ စိုက်ပျိုးနိုင်ရန် စီစဉ် ဆောင်ရွက်နေမှုများ၊ ဝါမျိုးကောင်းမျိုးသန့်နှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်သည့် ဝါမျိုးများ ရရှိရေး စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များက ဝါစိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စံနမူနာပြ

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မိမိတို့ တပ်မတော်ဝါစိုက်ခင်းများသည် စံနမူနာပြ စိုက်ခင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပွင့်ဖြူမြို့နယ်ရှိ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ ပြည်လုံးကျော်စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်း ရှင်းလင်းဆောင်တွင် ဥက္ကဋ္ဌဦးတေဇက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အထက်ပေါင်းလောင်းနှင့် နန်ချိုရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆက်
ပေါင်းလောင်းမြစ်ရှိရေအားလျှပ်စစ်စီမံကိန်းသုံးခုမှ ဓာတ်အား ၄၁

များဖြစ်အောင်၊ ကုန်ကျစ
ဖြစ်အောင် ကြိုးစားကြရန်ဖြစ်
ကြည့်ရှုစစ်ဆေးသည်။
ထို့နောက် ဒုတိယဗို
ဝါစိုက်ပျိုးရန် မြေပြုပြင်ထာ
ကြည့်ရှုစစ်ဆေးကြသည်။
ဆက်လက်၍ ဒုတိယ
ချည်မျှင်ရှည်ဝါများကို ရေ
ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှ တစ်ဆင့် ဒုတိယ
ပွင့်ဖြူမြို့နယ်၌ မြေလွတ်မြေ

လျက်ရှိသည့် ထူးထရေးဒင်
စီမံကိန်းလုပ်ငန်းသို့ ရောက်
ဆောင်ရွက်ရန် မြေပြုပြင်ထာ
လှည့်လည်ကြည့်ရှု စစ်ဆေ
ထို့နောက် ရှင်းလင်
အဖွဲ့ဝင်များအား ထူးထရေ
မြို့နယ် ပြည်လုံးကျော်ဒေသ
လုပ်ကိုင်ခွင့်များရရှိခဲ့မှု၊လုပ်
နိုင်ရန် ပြုပြင်ခဲ့မှု၊ နှမ်း၊
သနပ်ခါးစိုက်ပျိုးခဲ့မှုများ၊
ဆက်လက်၍ ဝါကိုအဓိက
တင်ပြသည်။
ဆက်လက်၍ ပွင့်ဖြူမြ
မြေလပ်များဖော်ထုတ် စိုက်
နေရှင်နယ် လီမိတက် ဒါရိုက်
ဖော်ထုတ်ခဲ့မှု၊ ပဲမျိုးစုံနှင့်ဆီ
တိုးချဲ့စိုက်ပျိုးရန် စီမံထား
ထို့နောက် ဒုတိယဗိုလ်
မှာကြားပြီး ထူးထရေးဒင်
စာအုပ်တွင် လက်မှတ်ရေး
ယင်းနောက် ဒုတိပ
တပ်မတော် ဝါစိုက်ပျိုးရေးစ
ဝါကောက်စက်ကို ကြည့်ရှု
ဒုတိယဗိုလ်ချုပ်မှူးကြီ
၁၂နာရီ၁၅မိနစ်တွင် မန္တလေ
ရေအားလျှပ်စစ် စီမံကိန်းနေ
ရှေးဦးစွာ ဒုတိယဗိုလ်
ရှင်းလင်းဆောင်၌ ရေအားလျှ
ရေးမှူး ဦးဘစိုက အထက်
အထည်ဖော်ဆောင်ရွက်ရန်စုး
နေမှု၊ ပေါင်းလောင်းမြစ်၏
ထုတ်ယူရရှိနိုင်မည့် အလာ
ဆက်လက်၍ လျှပ်စစ်
ပေါင်းလောင်းရေအား လျှပ်
ဆောင်ရွက်နေမှုနှင့်အထက်

...န်းတို့ကို ဆက်လက်အကောင်အထည်ဖော်မည် ...ာတ်အား ၄၁၃ မဂ္ဂါဝပ် ထုတ်လုပ်ပေးမည်ဖြစ်

များဖြစ်အောင်၊ ကုန်ကျစရိတ်သက်သာပြီး အဆင့်မီသည့် စိုက်ခင်းများဖြစ်အောင် ကြိုးစားကြရန်ဖြစ်ကြောင်းမှာကြားပြီး နမူနာပြသထားသည့်ဝါများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဝါစိုက်ပျိုးရန် မြေပြုပြင်ထားမှုများနှင့် ရေရရှိရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ချည်မျှင်ရှည်ဝါများကို ရေပိုက်စနစ်ဖြင့် အစက်ချစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မဟာရာဇသိရီအနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်တည်ဆောက်ရေး ရှင်းလင်းဆောင်တွင် ပြသထားသော ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်လုံးကျော်စီမံကိန်း

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ်၌ မြေလွတ်မြေလပ် ဖော်ထုတ်စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်

လျက်ရှိသည့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ ပြည်လုံးကျော်စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းသို့ရောက်ရှိကြပြီး ရှေးဦးစွာ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန် မြေပြုပြင်ထားသည့် အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ထူးထရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတေဇက ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ဒေသတွင် မြေလွတ်မြေလပ်များ ဖော်ထုတ်စိုက်ပျိုးရန်လုပ်ကိုင်ခွင့်များရရှိခဲ့မှု၊လုပ်ကိုင်ခွင့်ရရှိသည့် မြေများအား စိုက်ပျိုးဆောင်ရွက်နိုင်ရန် ပြုပြင်ခဲ့မှု၊ နှမ်း၊ ပဲစင်းငုံ၊ ဝါ၊ သစ်ဆိမ့်၊ သရက်၊ ဆီးနှင့် သနပ်ခါးစိုက်ပျိုးခဲ့မှုများ၊ စိုက်ပျိုးရေ ရရှိရေး စီစဉ်ဆောင်ရွက်နေမှုများ၊ ဆက်လက်၍ ဝါကိုအဓိကထား စိုက်ပျိုးသွားရန် စီစဉ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီး၊ချောင်းဆုံ ဒေသတွင် မြေလွတ်မြေလပ်များဖော်ထုတ် စိုက်ပျိုးလုပ်ကိုင်ခွင့် ရရှိထားသည့် ဒဂုန်အင်တာနေရှင်နယ် လီမိတက် ဒါရိုက်တာ ဒေါက်တာမိုးမြမြက မြေလွတ် မြေလပ်များဖော်ထုတ်ခဲ့မှု၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများစိုက်ပျိုးခဲ့မှုနှင့် ဆက်လက်၍ ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရန် စီမံထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး ထူးထရေးဒင်း ကုမ္ပဏီလီမိတက်၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် တပ်မတော် ဝါစိုက်ပျိုးရေးစခန်း(ပွင့်ဖြူ)သို့ ပြန်လည်ရောက်ရှိကြပြီး ခေတ်မီဝါကောက်စက်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီ၁၅မိနစ်တွင် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ အထက်ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းနေရာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ ရေအားလျှပ်စစ်ဦးစီးဌာန စူးစမ်းလေ့လာရေးဌာန ညွှန်ကြားရေးမှူး ဦးဘစိုးက အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပေါင်းလောင်းမြစ်၏ ရေစီးဆင်းမှုနှင့် ရေအားလျှပ်စစ် ၈၅မဂ္ဂါဝပ် ထုတ်ယူရရှိနိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ပေါင်းလောင်းရေအား လျှပ်စစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်အထက်ပေါင်းလောင်းနှင့် နန်ချိုရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဓာတ်အားလိုအပ်ချက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပေါင်းလောင်းမြစ်ပေါ်တွင် ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းကို အကောင်အထည် ဖော်လျက်ရှိကြောင်း၊ ပေါင်းလောင်း လျှပ်စစ်လုပ်ငန်းအဆင့်ဆင့်အဖြစ် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့်အတူ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၊ နန်ချို ရေအားလျှပ်စစ် စီမံကိန်းတို့ကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားနိုင်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် နေရာပတ်ဝန်းကျင် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

မဂ္ဂါဝပ် ၂၈၀

အကောင်အထည်ဖော်လျက်ရှိသည့် ပေါင်းလောင်းရေလှောင်တမံ ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၂၈၀ ထုတ်ယူရရှိမည်ဖြစ်သည်။

အကောင်အထည်ဖော်သွားမည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းမှ ၈၅မဂ္ဂါဝပ်နှင့် နန်ချိုရေအားလျှပ်စစ်စီမံကိန်းမှ ၄၈ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်ရာ ပေါင်းလောင်းမြစ်တွင် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းသုံးခုမှ လျှပ်စစ်ဓာတ်အား၄၁၃မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်း ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၂၆မိုင်ခန့် အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

တိုးတက်ထုတ်လုပ်နိုင်

အထက်ပေါင်းလောင်း စီမံကိန်းတည်ဆောက်ခြင်းဖြင့် ရေအားလျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်မည့်အပြင် အောက်ဘက်ရှိ ပေါင်းလောင်းစီမံကိန်း၏ နှစ်စဉ်လျှပ်စစ် ဓာတ်အားထုတ်လုပ်မှုစွမ်းအားကိုပါ တိုးတက်စေမည်ဖြစ်သည်။

ပေါင်းလောင်းဘက်စုံစီမံကိန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအားရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသော လုပ်ငန်းပိုင်းများဖြစ်သည့် ရေလှောင်တမံနှင့် ရေပိုလွှဲများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စက်လေးလုံးလည်ပတ်နိုင်မည့် အခြေအနေများနှင့် ရေအားလျှပ်စစ်စက်ရုံပိုင်းဆိုင်ရာ တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

သေသပ်စွာလုပ်ကိုင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စီမံကိန်းလုပ်ငန်းကြီး ပြီးစီးတော့မည်ဖြစ်ရာ ကျန်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့က စနစ်တကျ သေသပ်စွာလုပ်ကိုင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော်နေသည့် ကျောက်ဖြည့်တမံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး(၅)ညွှန်ကြားရေးမှူး ဦးဗစ်တာတို့က ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

မြေအောက်ဓာတ်အားပေးစက်ရုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြေအောက်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြပြီး ဂျင်နရေတာများ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လျှပ်စစ်ပိုင်းဆိုင်ရာတည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC Co. မှ ကျွမ်းကျင်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပုဂံ-ညောင်ဦးသို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့၏အရှေ့ဘက်၁၀မိုင်ခန့်အကွာ ကျည်တောင်-ခါမကျေးရွာအနီး ပေါင်းလောင်းမြစ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။

မဂ္ဂါဝပ် ၇၀ရှိစက်လေးလုံး

ပေါင်းလောင်းမြစ်ပေါ်တွင် ကျောက်ဖြည့်ရေလှောင်တမံတည်ဆောက်ပြီး မြေအောက်ဓာတ်အားပေး စက်ရုံများမှတစ်ဆင့်တစ်လုံးလျှင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၇၀ ထုတ်လုပ်နိုင်သည့် စက်လေးလုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်၊ ပေါင်းလောင်းမြစ်ရေကြီးမှုကို အထိုက် အလျောက် ကာကွယ်ရန်နှင့် လယ်မြေဧရိယာဧက ၃၅၀၀၀ခန့်ကို ရေပေးနိုင်ရန်ရည်ရွယ်၍ ဤဘက်စုံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

မဂ္ဂါဝပ် ၇၀အားရှိ စက်လေးလုံးတပ်ဆင်လျက်ရှိရာ မကြာမီကာလအတွင်း၌ စက်များတပ်ဆင်ပြီးစီးပြီး ဓာတ်အားထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

ပုဂံရွှေနန်းတော်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ယမန်နေ့မွန်းလွဲပိုင်းတွင် မဟာရာဇသိရီ အနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရှေးဦးစွာယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပုဂံမြို့ဟောင်း မြို့ရိုးအတွင်း၌ တည်ဆောက်လျက်ရှိပါကြောင်း၊ ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပုဂံမြို့ဟောင်း မြို့ရိုးအတွင်း၌ တူးဖော်ရေးလုပ်ငန်းများကို ၂၀၀၃ခုနှစ် မေလမှ စတင်၍ဆောင်ရွက်ခဲ့ပါကြောင်း။

ပုဂံနန်းတော်ရာ

တူးဖော်မည့်နေရာအား ရှင်းလင်းခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်းများဆောင်ရွက်ခဲ့ပြီး တူးဖော်ခဲ့ရာ အနော်ရထာမင်းတရားကြီး၏ ပုဂံနန်းတော်ရာ ဖြစ်ကြောင်း သမိုင်းသုတေသီပညာရှင်များက တညီတညွတ်တည်း လက်ခံအတည်ပြုနိုင်သည့် အုတ်ရိုးတန်းကြီးများ၊ တိုင်ကျင်းရာကြီးများ၊ အုတ်စီအုတ်ကာအုတ်ခင်း မြေအောက်တိုက်ခန်းကျယ်ကြီးများ၊ ပျူအရိုးအိုးများ၊အိုးခြမ်းကွဲများကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေသန့်မင်္ဂလာကို ဩဂုတ်လအတွင်းဆောင်ရွက်ခဲ့ပြီး ပန္နက်တင်မင်္ဂလာ၊ ပိုင်တိုင်ရိုက်ခြင်းမင်္ဂလာအခမ်းအနားများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာမှုပညာရှင် တမ္ပဝတီဦးဝင်းမောင်က ရွှေနန်းတော်များနှင့်စပ်လျဉ်းသည့် သမိုင်းဆိုင်ရာ အချက်အလက် အထောက်အထားများကို ရှင်းလင်းတင်ပြပြီး ဗိသုကာပညာရှင် ဦးမြင့်သော်က ပုဂံရွှေနန်းတော် တည်ဆောက်ရေးအတွက် သက်ဆိုင်ရာ အဆောက်အအုံများ ပုံစံထုတ်ရေးဆွဲထားမှုနှင့် တည်ဆောက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၃ ကော်လံ ၆ သို့ ➪

✪ ပြည်ထောင်စုကြီးမှ

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းများမှ ဗဟိုဦးစီးအဖွဲ့-အဖွဲ့ဝင် ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အမှာစကားပြောကြား

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေနှင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအားမာန်ဖြင့် အမျိုးသားရေးစွမ်းပကားတို့ ပိုမိုထက်မြက် မြင့်မားခိုင်မာစေရအောင် အားပေးမြှင့်တင်ဆောင်ရွက်ရင်း မြန်မာနိုင်ငံနှင့် မြန်မာ လူမျိုး နိုင်ငံတကာ့အလယ်တွင် အမျိုးသားရေးဂုဏ်သိက္ခာမြင့်မားထည်ဝါစွာဖြင့် တင့်တင့်တယ်တယ် ရပ်တည်နိုင်စေရအောင် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ အဖွဲ့ဝင် စာပေပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

အမျိုးသားရေးအသိ၊ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန် အစဉ်ထာဝရ နိုးကြားတက်ကြွအောင် စာပေစွမ်းအားဖြင့် ပျိုးထောင်

ယင်းသို့အခြေအနေအချိန်အခါမျိုးတွင် **အမျိုးသားရေးအားမာန် နိုးကြားတက်ကြွစေရအောင် စေ့ဆော်ဖန်တီးပေးနိုင်သည့် မြန်မာစာပေ၏ ကောင်းမြတ်သောအစဉ်အလာနှင့် ထက်မြက်သည့် စွမ်းပကားတို့ကို စာပေပညာရှင်ကြီးများ အားလုံးက အမျိုးသားရေးစိတ်ဓာတ် မြင့်မားခိုင်မာစွာဖြင့် ထိန်းသိမ်းမြှင့်တင် စွမ်းဆောင်ပေးနိုင်ခြင်းမှာ အမျိုးသားရေး ကိုယ်ခံစွမ်းအားများကို အခိုင်အမာ တည်ဆောက်နိုင်ခြင်းကြောင့် ပေါ်ထွန်းလာသည့် ရလဒ်ကောင်းများကြောင့်ပင်** ဖြစ်သည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

အမျိုးသားရေးမျှော်မှန်းချက်

ယနေ့အချိန်အခါလို မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးနှင့် နိုင်ငံတကာ မျက်နှာစာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို စောင့်ရှောက် မြှင့်တင်ပေးနိုင်ရေးတို့အတွက် တစ်မျိုးသားလုံး လက်တွဲပြီး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါ ကာလဖြစ်သည်နှင့်အညီ အမျိုးသားရေး နိုးကြားမှုဖြင့် အမျိုးသားရေးစွမ်းအား တောင့်တင်းခိုင်မာမှုတို့ ဆက်လက်ဖြစ်ထွန်း နေမှသာ မိမိတို့၏ အမျိုးသားရေးမျှော်မှန်းချက်များ ပြည့်မြောက်အောင်မြင် နိုင်မှာဖြစ်ကြောင်း။

ထို့အပြင် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအကြား မိမိနိုင်ငံ မိမိချစ်ခင် မြတ်နိုးစွာ တည်ဆောက်ကာကွယ်လိုသည့်စိတ်ဓာတ်၊ ပြည်ထောင်စုကြီးမယိုင်မလဲ မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုခိုင်မြဲအောင် စောင့်ရှောက်မြှင့်တင်လိုသည့်စိတ်ဓာတ် စသော စိတ်ပိုင်း ဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းနေစေရေးမှာလည်း ယနေ့အချိန်အခါ ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစေရေး အတွက် မရှိမဖြစ် တည်ဆောက်ဖော်ဆောင်ထားရမည့် အမျိုးသားရေး ကိုယ်ခံ စွမ်းအားများပင်ဖြစ်ကြောင်း။

ထို့ကြောင့် **မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် အမျိုးသား စာပေအင်အားစုကြီးတစ်ရပ်လုံး ယခုကဲ့သို့ စုစည်းညီညွတ်စွာ ရပ်တည်ပြီးတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲနိုးကြားတက်ကြွ နေစေရအောင် စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်မြှင့်တင်ပေးရေးကို အစဉ်ကြိုးပမ်းကြရမည်**ဆိုသည်ကို စာပေပညာရှင်ကြီးများအားလုံးက ခံယူထား ကြရမှာဖြစ်ကြောင်း။

အပြုသဘောစွမ်းအား

စာပေသည် နိုင်ငံတော်၏ အမျိုးသားရေးတည်ဆောက်မှုနယ်ပယ်ကဏ္ဍ အားလုံးကို စွမ်းအားကြီးမားစွာ လွှမ်းခြုံဆက်စပ် လှုံ့ဆော်အားပေးနိုင်သည့် စွမ်းပကားနှင့်ပြည့်စုံသကဲ့သို့ နိုင်ငံ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အပြုသဘော စွမ်းအားမှာလည်း စာပေပင်ဖြစ်သည်ဆိုသည်ကို စာပေလောကသားများအားလုံးက ခံယူကြရမှာဖြစ်ကြောင်း။

ပြည်ထောင်စုကြီး၏ လူမှုဘဝအဖုံဖုံ ဘက်စုံတိုးတက်ထွန်းကားခိုင်မြဲရေး အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပညာရည် မြင့်မားစေရန်၊ အကျင့်စာရိတ္တမြင့်မားခိုင်ကျည်စေရန်၊ ရိုးရာယဉ်ကျေးမှု ဓလေ့ စရိုက်များနှင့် အမျိုးသားရေးလက္ခဏာများ မတိမ်ကော မပပျောက်စေရန်၊ တိုင်းရင်းသား ပြည်သူအားလုံး အသိဉာဏ်ပညာထက်မြက်ပြီး အတွေးအမြင် ကြည်လင်ပြတ်သားစေရန်နှင့် တိုင်းကျိုးပြည်ပြု အသိပညာရှင်၊ အတတ်ပညာရှင် များအပါအဝင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရှင်သန်စေရန်တို့ကို စာပေ စွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်သည်ဟု နိုင်ငံတော်အစိုးရက လက်ခံ ယုံကြည်ထားပြီးဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံသူ၊ နိုင်ငံသားပြည်သူများအားလုံး အတွေးအမြင်ဗဟုသုတ ကြွယ်ဝရေး၊ စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့ရေးနှင့် နှလုံးရည်ထက်မြက်ရှင်သန်ရေးတို့မှာလည်း စာပေနှင့် စွမ်းဆောင်နိုင်မှုမှာ အဓိက အခန်းကဏ္ဍက ပါဝင်လျက် ရှိကြောင်း။

အလေးအမြတ်ပြု

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် စာပေ၏ အဖိုးမဖြတ်နိုင်သည့် စွမ်းအားနှင့် အရေးပါမှုတို့ကိုအလေးအမြတ်ပြုပြီး မိမိနိုင်ငံ၊ မိမိလူမျိုးကို မြှင့်တင် စွမ်းဆောင်ပေးနိုင်မည့် တိုင်းကျိုးပြည်ဆောင် အမျိုးသားစာပေ အဆောက်အအုံကြီး တစ်ရပ်ခိုင်ခိုင်ခံ့ခံ့ ဖြစ်ထွန်းနေစေရအောင် အဘက်ဘက်က အားပေးစောင့်ရှောက် နေခြင်းဖြစ်ကြောင်း။

မြန်မာစာပေ တိုးတက်စည်ပင်ရေးနှင့် အဆင့်အတန်းမြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးကူညီလျက်ရှိသည့်အပြင် စာပေ ပညာရှင်များ၏ လူမှုဘဝလုံခြုံမြင့်မားစေရေးအတွက်လည်း အခြေခံကောင်းများ ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း။

စာအုပ်စာပေထုတ်ဝေမှုများ တိုးတက်ဖြစ်ထွန်းလာအောင်၊ စာဖတ်ပရိသတ် တိုးတက်ပွားများလာအောင်၊ စာပေရေးသားမှုများ တိုးပွားဖြစ်ထွန်းလာအောင် စာပေဆုများချီးမြှင့်မှုများ၊ စာပေပြိုင်ပွဲများကျင်းပပေးမှုများ၊ စာနယ်ဇင်းထုတ်ဝေ ရေး လုပ်ငန်းများ တိုးတက်လာအောင် အားပေးမှုများ၊ စာကြည့်တိုက်များ တိုးချဲ့ထူထောင်ပေးမှုများစသည့် အားပေးထောက်ကူမှုများစွာကို ဆောင်ရွက်ပေး လျက်ရှိကြောင်း။

စာပေဆုနှင့် စာမူဆုများချီးမြှင့်ရေးမှာ နှစ်စဉ်ရွေးချယ်ချီးမြှင့်လျက်ရှိသည့် အမျိုးသား စာပေဆုများ၊ စာပေဗိမာန်စာမူဆုများ၊ အမျိုးသားရေးဆောင်ပုဒ် အကောင်အထည်ဖော်ရေး စာပေဆုများအပြင် ပုဂ္ဂလိက စာပေဆုများကိုပါ အားပေးလျက်ရှိပြီး စာပေပြိုင်ပွဲများကျင်းပကာ စာပေ ကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးအတွက်လည်း အခွင့်အလမ်းများ ဖန်တီးပေးကာ အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စာကြည့်တိုက်

စာကြည့်တိုက်၊ စာဖတ်ခန်းများဆိုလျှင်လည်း မြို့နယ်ပေါင်း ၃၂၄ မြို့နယ် တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ပေါင်း ၃၆၈ခုကို ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အပြင် ကျေးရွာ၊ ရပ်ကွက်များမှာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၁၆၁၉ ခုကို ဖွဲ့စည်း တည်ထောင်ထားပြီး ဖြစ်ကြောင်း။

အစိုးရဌာနဆိုင်ရာ စာပေထုတ်ဝေရေးလုပ်ငန်းများကလည်း သတင်းစာ၊ ဂျာနယ်တို့အပြင် နိုင်ငံတော်မူဝါဒကို ထင်ဟပ်သည့် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့ အကျိုးပြု စာအုပ်များ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ စာအုပ်များကို ထုတ်ဝေ ဖြန့်ချိပေးလျက်ရှိကြောင်း၊ **သတင်းစာများဆိုလျှင် ပြည်ထောင်စုကြီး၏ အစွန်အဖျား ဝေးလံသည့်ဒေသများအထိ အချိန်မီအလွယ်တကူရောက်ရှိအောင် ပြည်နယ်နှင့်တိုင်း မြို့ကြီးများမှာ ကိုယ်ပွားသတင်းစာများကို နေ့စဉ်တစ်ပြိုင်တည်း ထုတ်ဝေပေးလျက်ရှိကြောင်း။**

ပုဂ္ဂလိကစာပေထုတ်ဝေရေးလုပ်ငန်းများအနေနှင့်ဆိုလျှင်လည်း ပုံနှိပ်သူများ နှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့၏ စာရင်းဇယားများအရ ၂၀၀၄ခုနှစ် နှစ်ဦးအထိ မြန်မာတစ်နိုင်ငံလုံးတွင် ပုံနှိပ်တိုက်ပေါင်း ၅၀၃၇ခုနှင့် ထုတ်ဝေသူပေါင်း ၇၅၉ဦးရှိပြီး ၂၀၀၃ခုနှစ်အတွင်း စာအုပ်အမျိုးပေါင်း ၉၇၅၉ မျိုး ထုတ်ဝေ ဖြန့်ချိနိုင်ခဲ့ကြသည်ဟု သိရကြောင်း၊ အပတ်စဉ်၊ လစဉ်အချိန်မှန်ထုတ် ဂျာနယ် ၁၀၂ မျိုးနှင့် မဂ္ဂဇင်းအမျိုးပေါင်း ၁၅၀ ကိုလည်း ပုံမှန်ထုတ်ဝေနေကြသည်ကို တွေ့မြင်ရကြောင်း။

ဤသို့ နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့်အတူ မြန်မာစာပေ လောကကြီးရှင်သန်ဖွံ့ဖြိုးနေသည့် အခြေအနေအချိန်အခါကောင်းတွင် စာပေပညာ ရှင်များ၊ စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများ၊ ပုံနှိပ်သူများ၊ စာဖတ်ပရိသတ်များ အားလုံးကလည်း **မြန်မာစာပေအမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ တည်တံ့ ခိုင်မြဲစွာ ရှင်သန်ဖွံ့ဖြိုးစေရန်၊ မြန်မာစာပေ၏ အစဉ်အလာကောင်းများနှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်စေရန်၊ စာရေးသူ၊ ထုတ်ဝေသူ၊ စာဖတ်သူတို့ မျှတစွာ အကျိုးဖြစ်ထွန်းစေရန်တို့အတွက် မိမိတို့ ကိုယ်စီကိုယ်စီ၏ ကျင့်ဝတ်နှင့်တာဝန်များကို ဖြောင့်မတ်စွာ စောင့်ထိန်းပြီး အမျိုးသားစာပေကိုမြှင့်တင်အားပေးကြရန်လိုပါသည်**ဟု ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါ၌ သတင်းနှင့်ဆက်သွယ်ရေး နည်းပညာရပ်များ၏ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး ဆက်စပ် ယှက်နွယ်ပြောင်းလဲနေသည့်အခြေအနေတွင် ဓနအင်အားနှင့် နည်းပညာစွမ်းအား၌ အသာစီးရရှိနေသော နိုင်ငံကြီးအချို့သည် လူထုဆက်သွယ်ရေးနည်းလမ်းများကို မလျော်မကန်အသုံးချပြီး မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အတွေး အခေါ် အယူဝါဒ လွှမ်းမိုးချုပ်ကိုင်နိုင်စေရန် အစီအစဉ်ရှိရှိ ကြိုးပမ်းလုပ်ဆောင် နေကြသည်ကို စာပေပညာရှင်များ သတိပြုမိကြရန်လိုကြောင်း။

ထိုးဖောက်သွတ်သွင်း

ထို့ပြင် စွမ်းအားထက်မြက်သည့် လူထုဆက်သွယ်ရေးနည်းလမ်းများနှင့် ယဉ်ကျေးမှုမျက်နှာစာ၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာတို့တွင်လည်း ဝတ်စား ဆင်ယင်မှုကအစ ယင်းတို့၏ အနောက်တိုင်းယဉ်ကျေးမှုဓလေ့စရိုက်၊ အမူအကျင့် တို့ကို အရှေ့တိုင်းနိုင်ငံများသို့ ထိုးဖောက်သွတ်သွင်းလွှမ်းမိုးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတာလည်း အထင်အရှားပင်ဖြစ်ကြောင်း။

ဤသို့ အခြေအနေအချိန်အခါမျိုးတွင် စာပေပညာရှင်များအနေနှင့် မိမိ နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၊ အထူးသဖြင့် လူငယ်လူရွယ်များအကြား မိမိ တို့၏ မြင့်မားခံ့ညားသည့် ယဉ်ကျေးမှုအနုပညာနှင့် သိမ်မွေ့နူးညံ့သည့် ဓလေ့စရိုက်အစဉ်အလာများ၊ ယဉ်ကျေးသိမ်မွေ့သော ဝတ်စားဆင်ယင်မှုများ၊ လူ့ကျင့်ဝတ်တန်ဖိုးနှင့်ယှဉ်တွဲနေသည့် နေထိုင်ပြုမူမှု အမူအကျင့်များ စသည့် မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများ ကျယ်ကျယ်ပြန့်ပြန့်၊ ခိုင်ခိုင်ခံ့ခံ့ ထွန်းကားပြန့်ပွားနေစေရအောင် စာပေစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန် အထူးလိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

အထူးသဖြင့် **မျိုးဆက်သစ်လူငယ်လူရွယ်များကို အသိအမြင်ဗဟုသုတ ကြွယ်ဝအောင်၊ လေးနက်ခိုင်မာသည့် တွေးခေါ်မြော်မြင်ဆင်ခြင်တုံတရားနှင့် ပြည့်စုံအောင်၊ နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မှန်ကန်သည့် သမိုင်းကြောင်း အခြေခံနှင့် ရှုမြင်နိုင်အောင်၊ အမှန်တရားကိုထိုးထွင်းသိမြင်နိုင်သည့် ဉာဏ်ပညာ နှင့် ပြည့်စုံစေရအောင် အပြုသဘောဆောင်သော စာပေစွမ်းပကားဖြင့် စွမ်းဆောင် ပေးကြပါ**ဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

စောင့်ရှောက်ပျိုးထောင်

ယနေ့အချိန်အခါကဲ့သို့ အင်အားကြီးနိုင်ငံအချို့က လူထုဆက်ဆံရေး နည်းလမ်းများကို တလွဲအသုံးချပြီး ယဉ်ကျေးမှုနှင့်လူမှုရေးမျက်နှာစာက ပုန်းလျှိုး ကွယ်လျှိုးဝင်ရောက်ပြီး အတွေးအခေါ်အယူအဆအရ လွှမ်းမိုးချုပ်ကိုင်ရန် ကြိုးစားလုပ်ဆောင်နေကြသည့် အချိန်အခါကာလတွင် **မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသား ရေး အားမာန်တို့ အစဉ်ထာဝရ နိုးကြားတက်ကြွနေစေရအောင် စာပေပညာရှင် ကြီးများအားလုံးက စုစည်းညီညွတ်စွာနှင့် စာပေစွမ်းအားဖြင့် စောင့်ရှောက် ပျိုးထောင်ပေးကြပါ**ဟု ထပ်လောင်းပြောကြားလိုကြောင်း။

စာပေပညာရှင်များကို စုစည်းခိုင်မာသည့် အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စည်းရုံးဦးဆောင်မှုပေးနေသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး ဆက်လက်ရှင်သန်ဖွံ့ဖြိုးပြီး နိုင်ငံ့အကျိုးပြု အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရအောင်နှင့် စွမ်းဆောင်ရည် ပိုမိုထက်မြက်မြင့်မား နေစေရအောင် ဗဟိုဦးစီးကော်မတီဝင်များအားလုံးက မှန်ကန်သော ဦးဆောင်မှုဖြင့် တက်ညီလက်ညီစည်းရုံးဆောင်ရွက်သွားရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၁၁မှ

ယခုအချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာလူမျိုးတို့၏ အမျိုးသားရေးအားမာန်နှင့် အမျိုးသားရေးစွမ်းအားတို့ကိုအခြေခံပြီး အမျိုးသားရေး ဂုဏ်သိက္ခာကို နိုင်ငံတကာ့အလယ်တွင် အစဉ်ထာဝရ ဝင့်ဝင့်ကြွားကြွားမြင့်တင်ထားနိုင်စေရအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲရပ်တည်သွားနိုင်စေရအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ချင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံတော်၏ ရှည်လျားခိုင်မာသော သမိုင်းစဉ်တစ်လျှောက်၊ သမိုင်းကြောင်းအချိုးအကွေ့တိုင်းတွင် အမျိုးသားရေးအကျိုးစီးပွားကို မျက်ခြည်မပြတ်စောင့်ရှောက်မြှင့်တင်ပေးခဲ့သည့် မြန်မာစာပေ၏ ကောင်းမြတ်သော အစဉ်အလာကောင်းများကို စာပေပညာရှင်ကြီးများအားလုံးက ဆက်လက်ထိန်းသိမ်းသွားကြရန် ဖြစ်ကြောင်း။

ပြည်ထောင်စုကြီးအတွက် တည်ငြိမ်ခိုင်မာသောအနာဂတ် ပေါ်ထွန်းလာရေး ဦးတည်သော အမျိုးသားညီလာခံကြီး မကြာမီ စတင်ကျင်းပတော့မည်ဖြစ်ခြင်းကြောင့် ယင်းအမျိုးသားညီလာခံကြီးမှာ စုံစုံညီညီတက်ရောက်ကြလိမ့်မည်ဟု မိမိတို့က ယုံကြည်ထားပြီးလည်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် မျှော်မှန်းလျက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးမှာ စာပေလောကကလည်း ပါဝင်ကြိုးပမ်းကြပါဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်မှာ အမျိုးသားရေး ဂုဏ်သိက္ခာ တင့်တယ်မြင့်မားစွာဖြင့် ဝင့်ဝင့်ကြွားကြွားရပ်တည်နိုင်စေရေးအတွက် မိမိနိုင်ငံသူ၊ နိုင်ငံသားများရဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တကွ အမျိုးသားရေးအားမာန်၊ အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ တိုးပွားခိုင်ခံ့စေရအောင် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **တိုင်းတစ်ပါးယဉ်ကျေးမှုထိုးဖောက်ဝင်ရောက်မှု၊ သတင်းနဲ့ ဆက်သွယ်ရေးနည်းပညာများကို အဖျက်အမှောင့်လုပ်ငန်းများမှာ တလွဲအသုံးပြု စွက်ဖက်နှောင့်ယှက်မှုများကို ကြံ့ကြံ့ခံတွန်းလှန်နိုင်မယ့် အမျိုးသားရေးစာပေ ကိုယ်ခံစွမ်းအားပြည့်ဝထက်မြက်အောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို လက်တွေ့ကျကျ ဖော်ဆောင်ပေးသွားမယ့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် စာပေစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ အဖွဲ့ဝင် စာပေပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လှုပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဂုဏ်ပြုငွေလှူဒါန်း

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဦးကျော်ညွန့်(ကျော်ညွန့်ရည်) ဇနီး ဒေါ်ဝါဝါကျော်တို့၏ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာရေးထောက်ပံ့မှု ရန်ပုံငွေအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌတို့တက်ရောက်ကြပြီး အလှူရှင် ဦးကျော်ညွန့်(ကျော်ညွန့်ရည်)က အလှူငွေကျပ် ၂၅၀၀၀၀ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းမှ တစ်ဆင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) သို့ ပေးအပ်လှူဒါန်းသည်။

အလားတူ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ၁နာရီခွဲတွင် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် ဒေါ်ရင်ရင်(စောမုံညင်း)က ငွေကျပ် ၅၀၀၀၀၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၂၀၀၀၀၊ မွန်ပြည်နယ်ချောင်းဆုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၀၀၀၀၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်၂၀၀၀၀အပါဝင် အလှူရှင် ၃၁ဦးတို့က ငွေကျပ် ၄၉၃၅၀၀ တို့ကိုပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များက လက်ခံကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ(၁၁)ရက်မှ(၁၃)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကိုဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးကျော်ညွန့်(ကျော်ညွန့်ရည်)၊ ဇနီး ဒေါ်ဝါဝါကျော်တို့က မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာရေးထောက်ပံ့မှု ရန်ပုံငွေအတွက် အလှူငွေကျပ် ၂၅၀၀၀၀ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြေပုံစနစ်ပြောင်းလဲရေး အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၁

သစ်တောရေးရာဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန UTM စနစ် ပြောင်းလဲထုတ်လုပ်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ UTM စနစ် ပြောင်းလဲထုတ်လုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရွှေဘိုအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မေ ၁၁

ရွှေဘိုအသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဝိုင်အမ်စီအေတွင် မေ ၂၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများနှင့် ရာသက်ပန် အသင်းသားများထဲမှ အသက် ၇၅နှစ်နှင့် အထက်ရှိသူများ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် ဦးငွေမောင် ဖုန်း–၂၉၀၁၆၈၊ ဦးထွန်းထွန်းဦး ဖုန်း–၃၇၂၀၄ နှင့် ဦးမောင်ကျော် ဖုန်း–၅၇၂၁၂၅ တို့ထံ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားသည်။ (က-ပ)





မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာစာပေလောက တိုးတက်စည်ပင်ရေးနှင့် စာပေပညာရှင်များ၏ လူနေမှုဘဝ လုံခြုံမြင့်မားရေး နိုင်ငံတော်အစိုးရက ထိုက်သင့်သည့် ချီးမြှင့်ထောက်ပံ့မှုများကို အားပေးဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးစတင်ကျင်းပ

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌စတင်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ပထမနေ့တွင် သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဆောင်ရွက်သည်။

အစည်းအဝေးထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြပြီး ယနေ့ စတင်ကျင်းပသော ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ဗဟိုဦးစီးအဖွဲ့ဝင် ၁၇၈ဦး ရှိသည့် အနက် ၁၅၆ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၃၉ရှိသောကြောင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ တတိယအကြိမ်ညီလာခံက ချမှတ်ပေးခဲ့သော ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို မည်ရွေ့မည်မျှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး မည်သည့်လုပ်ငန်းများကိုတော့ ဆက်လက် အကောင်အထည်ဖော်ရန် လိုအပ်နေသေးသည်ဆိုသည့် လုပ်ငန်းဆိုင်ရာ အချက်များကို သုံးသပ်ဆွေးနွေးနိုင်ရန် ကျင်းပသော အစည်းအဝေးဖြစ်ကြောင်း။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် ပြည်သူများ၏ အတွေးအခေါ်ပြောင်းလဲရေး၊ စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး စသည်တို့ကို ထိရောက်ထက်မြက်စွာ စည်းရုံးလှုံ့ဆော်နိုင်ရန် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကို ရည်ရွယ်ချက်ငါးရပ်၊ လုပ်ငန်းစဉ် ၁၀ရပ်တို့ဖြင့်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာ ပထမပိုင်းကို အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး) က တင်သွင်းစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ညီလာခံကျင်းပချိန်တွင် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၁၁၆ဖွဲ့၊ စည်းရုံးရေး ကော်မတီ၁၁ခု၊ စုစုပေါင်း၁၂၇မြို့နယ်နှင့် အဖွဲ့ဝင်ပေါင်း ၂၃၆၆ဦး ရှိခဲ့ရာမှ ယခု တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပချိန်တွင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၁၆၃ဖွဲ့၊ စည်းရုံးရေး ကော်မတီ ခုနစ်ခု၊ စုစုပေါင်း၁၇၀မြို့နယ်နှင့် အဖွဲ့ဝင်ပေါင်း ၆၇၀၀ဦးအထိ တိုးတက်လာကြောင်း။

ရလဒ်ကောင်းများ

မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အဆင့်ဆင့်နှင့် အဖွဲ့ဝင်အင်အား တိုးတက်လာခြင်းသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ စည်းရုံးရေးစွမ်းပကားမြင့်မားလာခြင်း၏ ရလဒ်ကောင်းများပင် ဖြစ်ကြောင်း။

မြန်မာစာပေလောက တိုးတက်စည်ပင်ရေးနှင့် စာပေပညာရှင်များ၏ လူနေမှုဘဝ လုံခြုံမြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရက ထိုက်သင့်သည့် ချီးမြှင့်ထောက်ပံ့မှုများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာ ဒုတိယပိုင်းကို ဗဟိုအမှုဆောင် ကော်မတီဝင်ဦးမျိုးသန့်(မောင်ဆုရှင်)က တင်သွင်းစဉ်။ (သတင်းစဉ်)

ယင်းနောက်အခမ်းအနားမှူးကမြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ညီနောင်မိတ်ဖက် အဖွဲ့အစည်းများဖြစ်ကြသောမြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းတို့မှ ဂုဏ်ပြုပန်းခြင်းပေးပို့ခဲ့ကြောင်းကို တင်ပြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံအားကစားကလောင်ရှင်များ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုံနှိပ်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းတို့ကပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်

ဗဟိုအမှုဆောင် ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်း ၂၀၀၂-၂၀၀၄ ကို ဗဟိုအမှုဆောင်ကော်မတီ ဘဏ္ဍာရေးမှူး ဦးသန်းမောင် (သန်းမောင်) က တင်သွင်းစဉ်။ (သတင်းစဉ်)

ကော်မတီ၏ အစီရင်ခံစာကို ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)တို့က ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို ပြန်လည်ကျင်းပရာ ဗဟိုအမှုဆောင်ကော်မတီ၏ ဘဏ္ဍာရေး ရှင်းတမ်း ၂၀၀၂-၂၀၀၄ခုနှစ်ကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ (၂) ဗဟိုအမှုဆောင်ကော်မတီ ဘဏ္ဍာရေးမှူး ဦးသန်းမောင်(သန်းမောင်)က လည်းကောင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ ခေါင်းဆောင်ကိုယ်စား ဗဟိုအမှုဆောင် ကော်မတီဝင် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း - လမ်းမတော်)က လည်းကောင်း အသီးသီးဖတ်ကြား တင်သွင်းကြသည်။

အဆိုအမှတ်(၁)

ဆက်လက်၍ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးသန်းလှိုင်(တက္ကသိုလ်သိခ်)က အဆိုအမှတ်(၁) ဖြစ်သည့် **အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ မြန်မာနိုင်ငံ စာပေလောကသား အားလုံးက အင်တိုက်အားတိုက်ပါဝင် ဆောင်ရွက်ကြရန်** အဆိုကို တင်သွင်းသွားရာတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အဆင့်ဆင့်နှင့် အဖွဲ့ဝင်အားလုံးသည် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကိုလည်းကောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးကိုလည်းကောင်း၊ အခြားသော NGO အဖွဲ့အစည်းများနှင့် လက်တွဲကာ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် တင်သွင်းသွားသည်။

ဗဟိုစာရင်းစစ်အဖွဲ့ အစီရင်ခံစာကို ဗဟိုအမှုဆောင် ကော်မတီဝင် ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း- လမ်းမတော်)က တင်သွင်းစဉ်။ (သတင်းစဉ်)

ထို့နောက် ကရင်ပြည်နယ်ဘားအံမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမန်းသင့်နောင်(မန်းသင့်နောင်-ကော့ကရိတ်)က ထောက်ခံဆွေးနွေးရာတွင် မိမိတို့မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတော်ဖြစ်ခြင်းကြောင့် တိုင်းရင်းသားအသီးသီးသည် ဂုဏ်သိက္ခာရှိရှိ၊ အဆင့်အတန်းမြင့်မြင့် လုံခြုံအေးချမ်းစွာ အတူလက်တွဲပြီးနေထိုင်သွားကြရန် အရေးကြီးကြောင်း၊ တိုင်းရင်းသားများအားလုံး၏ အခွင့်အရေးများ ထင်ထင်ရှားရှားပြည့်ပြည့်စုံစုံရရှိမည်ဖြစ်သော အခြေခံဥပဒေချောမော ပြည့်စုံစွာနှင့် ခိုင်ခိုင်ညားညား ပေါ်ထွက်လာရန်၊ ပေါ်ထွက်လာမည့် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အားလုံးတွင် တာဝန်ရှိကြောင်းဖြင့် အကျယ်တဝင့် ထောက်ခံဆွေးနွေးသွားသည်။

အဆိုအမှတ်(၂)

ထို့နောက် ဗဟိုအမှုဆောင် ကော်မတီဝင် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အဆို အမှတ်(၂)ကို

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ⇨

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီး အဖွဲ့အစည်းအဝေးတွင် အဆို(၁)ကို ဗဟိုအမှုဆောင် ကော်မတီဝင် ဦးသန်းလှိုင် (တက္ကသိုလ်သိခ်) က တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီး အဖွဲ့အစည်းအဝေးတွင် အဆို(၁)ကို ဘားအံမြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးမန်းသင့်နောင်(မန်းသင့်နောင်-ကော့ကရိတ်)က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

❀ စာမျက်နှာ ၁၂ မှ

တင်သွင်းရာတွင် ပြည်သူတို့နှင့်အတူ စာပေလောက တစ်ရပ်လုံး ပါဝင်လျက် ပြည်ထောင်စုစိတ်ဓာတ်နှင့် ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသော စည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ကို အခြေခံပြီး "တစည်းတလုံးတည်းသော ပြည်ထောင်စုကြီး" အဖြစ် ဖော်ဆောင်သွားကြမည်ဟု စသည်ဖြင့် အကျယ်တဝင့်တင်ပြရင်း အဆိုအမှတ်(၂) ဖြစ်သော **ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားများအားလုံး စုပေါင်းပါဝင်တည်ဆောက်ထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး မပြိုကွဲရေးအတွက် မြန်မာနိုင်ငံ စာပေလောကသားအားလုံးတို့က တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာ လက်တွဲကာကွယ် ထိန်းသိမ်းစောင့်ရှောက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး အဖြစ်သို့ အမြန်ရောက်ရှိအောင် အင်တိုက်အားတိုက် ပါဝင်တည်ဆောက်သွားကြရန်**အဆိုကို အကျယ်တဝင့်တင်သွင်းသည်။

ဆက်လက်၍ ယင်းအဆို အမှတ်(၂)ကို မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်နုနုရင် (မေသျှိသျှား)က ထောက်ခံဆွေးနွေးရာတွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် ကာယ၊ ဉာဏစွမ်းအားရှိသမျှ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ စာပေလောကသားများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို မျက်ခြည်ပြတ်မခံဘဲ မိမိတို့ ကလောင်စွမ်းအားဖြင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် မိမိတို့ကိုယ်တိုင်သာမကဘဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တစ်ခဲနက်ပါဝင်လာအောင် လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ထောက်ခံဆွေးနွေးသွားသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် တင်သွင်းသည့် အဆို(၄)ရပ်

၁။ အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ မြန်မာနိုင်ငံ စာပေလောကသားအားလုံးက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်၊

၂။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားများအားလုံး စုပေါင်းပါဝင် တည်ဆောက်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပြိုကွဲရေးအတွက် မြန်မာနိုင်ငံ စာပေလောကသားအားလုံးတို့က တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာ လက်တွဲကာကွယ် ထိန်းသိမ်းစောင့်ရှောက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အမြန်ရောက်ရှိအောင် အင်တိုက်အားတိုက် ပါဝင်တည်ဆောက်သွားကြရန်၊

၃။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာပေလောကသားအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊

၄။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် စာပေလောကသားအားလုံးကို စာပေကဏ္ဍအသီးသီး၌ စည်းရုံးစုစည်းလျက် ကျစ်လျစ်ခိုင်မာသော အဖွဲ့အစည်းအဖြစ် ဆက်လက်စည်းရုံး တည်ဆောက်သွားရန်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် အဆို(၂)ကို ဗဟိုအမှုဆောင် ကော်မတီဝင် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် အဆို(၂)ကို မဟာအောင်မြေမြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်နုနုရင် (မေသျှိသျှား)က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အဆိုအမှတ်(၃)

ယင်းနောက် ဗဟိုအမှုဆောင် ကော်မတီဝင် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က စာပေလောကသားများအနေဖြင့် မိမိတို့၏ လှုပ်ရှားဆောင်ရွက်နေသည့် လူမှုဘဝနယ်ပယ်၌ နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန် ဆိုသည့်နေရာတွင် နည်းပညာများ အထူးလိုအပ်လှကြောင်းဖြင့် အဆိုအမှတ်(၃)ဖြစ်သော **မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာပေလောကသားအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်** အဆိုကို တင်သွင်းရာ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးကြိုင်မြင့် (မောင်ရန်ရှင်း)က ထောက်ခံဆွေးနွေးရာတွင် ယခုလက်ရှိ စာပေလောကနယ်ပယ်တွင် ဂျာနယ်၊ မဂ္ဂဇင်းများအနေဖြင့် E-mail, Internet များ အသုံးချနေကြပြီ ဖြစ်ကြောင်း၊ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ ကမ္ဘာ့အဆင့်မီနိုင်ရန်၊ နိုင်ငံတကာအဆင့်မီ နိုင်ရန်ဆိုလျှင် IT နည်းပညာကို အသုံးချရန် အထူးလိုအပ်ကြောင်းဖြင့် အကျယ်တဝင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ ဗဟိုအမှုဆောင် ကော်မတီဝင် ဒေါ်ချိုချိုတင်(မစန္ဒာ)က အဆိုအမှတ်(၄)ဖြစ်သည့် **မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် စာပေလောကသားအားလုံးကို စာပေကဏ္ဍအသီးသီး၌ စည်းရုံးစုစည်းလျက် ကျစ်လျစ်ခိုင်မာသော အဖွဲ့အစည်းအဖြစ် ဆက်လက်စည်းရုံး တည်ဆောက်သွားရန်** အဆိုကို တင်သွင်းရာတွင် တတိယအကြိမ် ညီလာခံ၏ ရှေ့လုပ်ငန်းစဉ် ကိုးရပ်အနက် ရှေ့လုပ်ငန်းစဉ် အမှတ်(၃)တွင် "စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရေး၊ ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး၊ ဦးဆောင်မှု မြင့်မားရေးနှင့် စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်ရေးတို့အတွက် ဆောင်ရွက်ရေး"ဟူသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များသည် စာပေတာဝန်များကို ဦးလည်မသုန် ထမ်းဆောင်လျက်ရှိကြပြီ ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် တင်သွင်းသွားသည်။

ထို့နောက် ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်ချိုချိုသန်း(ချိုမြနွယ်)က ထောက်ခံဆွေးနွေးရာတွင် တတိယအကြိမ် ညီလာခံ သက်တမ်းကာလအတွင်းတွင် တိုးချဲ့စည်းရုံးရေးနှင့် အဖွဲ့အစည်းများ ကျစ်လျစ်ခိုင်မာရန် မြို့နယ်များအနေဖြင့် စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန် ဆက်လက်ဆောင်ရွက်ခဲ့ခြင်း၊ မြို့နယ်များမှ လစဉ် အစည်းအဝေးများ မှန်မှန်ကျင်းပပြီး မြို့နယ် စာပေလုပ်ငန်းများ စည်းရုံးဆောင်ရွက်ရာတွင် အဖွဲ့တွင်း ကျစ်လျစ်ခိုင်မာရေးကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ခဲ့ကြောင်းဖြင့် အကျယ်တဝင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် အခမ်းအနားမှူးက မေ ၁၂ရက်တွင် ဆက်လက်ကျင်းပမည့် အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ကြေညာပြီး သဘာပတိ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို မေ ၁၃ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် အဆို(၃)ကို ဗဟိုအမှုဆောင် ကော်မတီဝင် ဦးတင်လှိုင် (လယ်တွင်းသား စောချစ်)က တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် အဆို(၃)ကို ဗိုလ်တထောင်မြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးကြိုင်မြင့် (မောင်ရန်ရှင်း)က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် အဆို(၄)ကို ဗဟိုအမှုဆောင် ကော်မတီဝင် ဒေါ်ချိုချိုတင်(မစန္ဒာ) က တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် အဆို(၄)ကို အလုံမြို့နယ် ဗဟိုဦးစီး အဖွဲ့ဝင် ဒေါ်ချိုချိုသန်း(ချိုမြနွယ်)က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၉ မှ

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ပထမ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော်ကြီး တည်ဆောက်ရာတွင် သမိုင်းအထောက်အထားများနှင့်အညီ ခံ့ခံ့ညားညားဖြင့် တစ်မျိုးသားလုံး ဂုဏ်ယူရမည့် ရွှေနန်းတော်ကြီးဖြစ်အောင် ကြိုးစား တည်ဆောက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တည်ဆောက်သွားမည့် အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော် ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းတွင် ပထမအဆင့်အနေဖြင့်ဇေတဝန်ဆောင်၊ တောင်စမုတ်ဆောင်၊ တောင်စောင်းတန်း၊ ဇေတဝန်စနုဆောင်၊ မြောက်စောင်းတန်း၊ မြောက်စမုတ်ဆောင်၊ ပဥ္စပါသာဒ ရွှေနန်းတော်ကြီး၊ ဘိသိက်ဆောင်၊ လက်ယာပွဲတက်ဆောင်၊ သီဟာသနပလ္လင်၊ လက်ဝဲပွဲတက်ဆောင်၊ အရှေ့စမုတ်ဆောင် စသည့် အဆောင် ၁၂ ဆောင်နှင့် လှေကားကြီး ၁၀စင်း တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်မည်ဖြစ်ပြီး ထူးထရေးဒင်းကုမ္ပဏီ လီမိတက်က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

ပုဂံရှေးဟောင်းပြတိုက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ သွားရောက်ကြပြီး ပင်မပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပုဂံနန်းမြို့ပြခန်းနှင့် ပုဂံရွှေနန်းတော်ကြီး ပုံစံငယ်တို့ကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မီးသတ်စက်ယာဉ်နှင့် စက်ပစ္စည်း လှူဒါန်း

ရန်ကုန် မေ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနရုံးချုပ်၌ မီးသတ်ဦးစီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံ President of Korea Green Tech Co, Ltd မှ Mr. Lim Taeck Soo နှင့် Jico Int'l မှ Mr. Hur Eul Burm၊ မြန်မာနိုင်ငံ Sandian & Group Co, Ltd. မှ ဒေါ်တင်တင်ခိုင်တို့က လှူဒါန်းသည့် ကွပ်ကဲမီးသတ်ယာဉ်နှစ်စီး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့် စက်အပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မီးသတ်ယာဉ်နှင့် စက်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

မေ ၃ ရက်က ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးပြုလုပ်သော အသက် (၈၄)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၄၆ ဦးအား ပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။ (က-ပ)

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် သန်လျင်မြို့ သီလဝါဒေသရှိ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပင်မဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများမှ ဌာနအကြီးအကဲများ၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားပြီး ပထမနှစ် (အငယ်တန်း)တွင် ပညာရည်ချွန်ဆု ပထမရရှိသော ကျောင်းသား မောင်အောင်ကိုကိုချစ်အား ရွှေတံဆိပ်ဆုနှင့် ဒုတိယ၊ တတိယရရှိသော ကျောင်းသားများအား ပညာရည်ထူးချွန်ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ပထမနှစ်(အကြီးတန်း)တွင် ပညာရည်ထူးချွန်ဆု ရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက ဒုတိယနှစ်(အကြီးတန်းနှင့် အငယ်တန်း)တွင် ပညာသင်ကြားနေသူများအား ပညာသင်ထောက်ပံ့ကြေးများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ပညာရည်ချွန်ဆုရရှိသော ကျောင်းသားများကိုယ်စား မောင်အောင်ကိုကိုချစ်က ကျေးဇူးတင်စကားပြောကြားပြီး ပါမောက္ခချုပ်က တက္ကသိုလ်အမှတ်တရလက်ဆောင်များကို ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား ပေးအပ်သည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ အထူးတရားပွဲ

ရန်ကုန် မေ ၁၁

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း အောင်ဆန်းတောရတပ်ဦးဆရာတော် ပဓာနနာယကမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရသည် မေ ၁၃ရက် ည ၇နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ ကျောင်းကြီးတိုက်ဝင်းအတွင်းရှိ မဟာပုညောပကာရဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း အထူးဝိပဿနာတရားအား ဟောကြားမည် ဖြစ်ကြောင်းသိရသည်။

(က-ပ)

ဆုချီးမြှင့်

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် ပညာရည်ချွန်ဆုရ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ပို့ဆောင်ရေး)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်း၊ အမှတ်-၆၂(အေ)နေ ဦးဝင်းအောင်၊ ဒေါ်နန်းမွှေးကြိုင်၊ သား မောင်အောင်ထက်ကျော်၊ သမီး မလမင်းအိမ်မိသားစုတို့က ငွေပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ မေ၅ရက်က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
	- Natural Rescource Development (ပြည်သူ့ရေးရာ)
၅:၃၀	၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်" (အပိုင်း-၉)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၁၆)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ဒီဂျစ်တယ် နည်းပညာဆိုင်ရာပြပွဲ

ရန်ကုန် မေ ၁၁

Big Camera Ltd နှင့် Cystem ကွန်ပျူတာတို့ ပူးပေါင်း၍ ကျင်းပမည့် ဒီဂျစ်တယ်ကင်မရာများနှင့် ကွန်ပျူတာများ တွဲဖက် အသုံးပြုပုံနည်းပညာဆိုင်ရာပြပွဲကို မြေနီကုန်း ဒဂုံစင်တာ ပထမထပ်တွင်မေ၁၄ရက်မှ မေ ၁၆ရက်အထိ နံနက် ၉နာရီမှ ည ၉နာရီအထိ ကျင်းပမည် ဖြစ်သည်။

လေ့လာသူများလက်တွေ့ စမ်းသပ်နိုင်မည့်အပြင် ပြပွဲကာလအတွင်း နောက်ဆုံးပေါ်နီကွန်ကင်မရာ အမျိုးမျိုး၊ ကွန်ပျူတာနှင့် အပိုပစ္စည်းအမျိုးမျိုးတို့အား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် မေ၁၄ရက် မွန်းလွဲ ၁နာရီမှ ၃နာရီအတွင်း၊ မေ၁၅ရက်(စနေနေ့) နံနက် ၁၀နာရီမှ ၁၂နာရီအတွင်း၊ မေ ၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ၃နာရီအတွင်းဝယ်သူများအား ထပ်ဆင့်အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။

Cystem ကွန်ပျူတာ ဝယ်ယူသူများအားလည်း မေတ္တာလက်ဆောင်ပေးခြင်းအစီအစဉ်များရှိပြီး အသေးစိတ် သိရှိလိုပါက နီကွန်ကင်မရာ အရောင်းပြခန်း ဖုန်း-၂၄၉၁၇၀၊ Cystem Computer အရောင်းပြခန်း ဖုန်း-၂၉၆၀၄၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ (က-ပ)

ရွာရန်ရာနှုန်း(၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၁၅၁၇မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

ပုညခင်

အိပ်မက်ကို ထုဆစ်သူများ

စာမူခွင့်ပြုချက်အမှတ် ၃၉၅/၂၀၀၄(၄)

မြို့ရွာ တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဘဲလေး

Digital Photo Studio

အလှဆုံးဓါတ်ပုံ အကောင်းဆုံးဆေးသား

ဘဲလေး မှာရိုက်ရင်

အမှန်ကန်ဆုံးရွေးချယ်မှုဖြစ်ရမည်။

ပုံကြီးတစ်ပုံရိုက်လျှင် 4"× 6" တစ်ပုံလက်ဆောင်ပေးသည်။

ဖွင့်ပေးရက် ➢ နံနက် (၆) နာရီမှ ည (၇)နာရီ အထိ

အမှတ် (၁၇၄)၊ ၂၈-လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၆၅၀၂

SSi EDUCATION
It's where your future is.

New Centre - II
INAUGURATION OFFER

25 % OFF only on 12th MAY
For all courses (Limited seats)

PH: 95-1-246832, 248192, 241208, 512693
Add: No.694/700, 1st Floor, Merchant St, Pabedan Tsp.
Add: Bldg#: 226, 2nd Floor, Wizaya Plaza, U Wisara Road, Bahan Township, Yangon.

Young Civil Engineer တို့

(1)Civil 3D, (2) 3D Max, (3) LD (survey), (4)Etabs (Highrise Builiding), (5)SAP
(6)Foundation Analysis & Design

mmt Computer Center
200, 39st, Yangon. Tel: 707566 , 0980-21830

ASIA Language & Business Academy
(Your Passport to Success)
(All classes are taught by foreign teachers)

Cambridge Course for children
Beginner
Junior Young Learner
Starter
Level I, II, III, IV

For Adults,
INTERMEDIATE, ADVANCED, GENERAL
EXAM-ORIENTED CLASSES...
(IELTS, TOEFL, SAT I, II, G-MAT)

68, 3rd Fl, Shwedagon Pagoda Rd.
Dagon Township, Yangon

ဘက်စုံပြုပြင်မှု အလှူငွေထည့်ဝင်နိုင်

မလှိုင် မေ ၅

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းသာသနာပြုစခန်းတွင် မြတ်ဘက်ဘုရား အရန်စေတီတော် တစ်ဆူ၊ ခေါင်းလောင်းတော်၊ ဆုတောင်းပြည့်ဘုရားသွားစင်္ကြံလမ်း သွပ်မိုးများ၊ ဝိဇယကာရီ ခန်းမဆောင်၊ စေတီတော်ဝင်းနှင့်ကျောင်းဝင်းအတွင်းရှိဝေနေယျများ ဆောက်လုပ်လှူဒါန်းထားသည့် သာသနိက အဆောက်အအုံများကို ရွှေပေါ်ကျွန်း သာသနာပြုအဖွဲ့က ဘက်စုံ ပြန်လည်ပြုပြင်မည်ဖြစ်သည်။ ယင်းဘက်စုံပြုပြင်မှုများတွင် အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် ရွှေပေါ်ကျွန်း ဥပဋ္ဌာကအဖွဲ့ ရန်ကုန်တိုင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(က-ပ)**

စည်ပင်သာယာရေးဘဏ် လီမိတက်မှ လှူဒါန်းငွေဖြင့် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် ကန်သာယာစံပြကျေးရွာ နှစ်လက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုကို မေ ၂ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဝင်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကျေးရွာ အမျိုးသမီးများနှင့် တွေ့ဆုံ

ဝါးခယ်မ မေ ၁

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၉ ရက် နံနက် ၉ နာရီက မြို့ချောင်းကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခန်းမတွင် ကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမျိုးသမီးရေးရာ အကြောင်း သိကောင်းစရာများနှင့် ကျန်းမာရေး သိကောင်းစရာများကို ဟောပြောပို့ချကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ချိုရီက ကျန်းမာရေးအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောရာတွင် အမျိုးသမီးများတွင် ဖြစ်ပေါ်တတ်သော ကင်ဆာရောဂါအကြောင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့ချောင်းကြီးကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အဖွဲ့ဝင် ပုံစံများကို မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်သည်။ **(၁၈၂)**

မေ ၄ ရက်က ကျောက်တံခါး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ထွန်း၊ ဦးစီးအရာရှိ ဒေါ်မိုးမိုးနိုင်၊ ဒုဦးစီးမှူး (အခွန်) ဒေါ်နီလာတို့၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့နယ်စည်ပင် ခန်းမဝင်းအတွင်းရှိ ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း ၁၅၀၀၀ ကို ပျိုးထောင်စိုက်ပျိုးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ငပုတောမြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်

ငပုတော ဧပြီ ၂၅

ငပုတောမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများသည် ငပုတောမြို့နယ် မေတ္တာလမ်းမကြီးတစ်လျှောက် မြို့မ အားကစားကွင်းဘေး သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်၊ မြက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးရန် မြေကျင်းတူးဖော်ခြင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ငပုတောမြို့နယ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို မေ ၁ ရက်က ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှင့် သန့်သုံးသန့် စီမံချက်အကြောင်း ဟောပြော

ကွမ်းခြံကုန်း မေ ၉

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ကူးအရှေ့ကျေးရွာ ဘုရားကြီးဓမ္မာရုံတွင် မေ ၈ ရက် မွန်းတည့် ၁၂ နာရီက ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ထွန်းကလည်းကောင်း၊ သန့်သုံးသန့်စီမံချက် အကြောင်းကို တော်ကူးကျေးရွာ ကျန်းမာရေးမှူး ဦးသိန်းဝင်းကလည်းကောင်း ကျန်းမာရေးပညာပေး ဟောပြောကြသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တော်ကူးအရှေ့/အနောက် ခလောက်တရာကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီးပတ်လည် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ရွှေဘို မေ ၅

ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ လမ်းညွှန်မှုများအရ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် စည်ပင်သာယာဈေးကြီး ပတ်လည်ရှိ ရေနုတ်မြောင်းများကို ဧပြီ ၂၉ ရက်က ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခဲ့သည်။

စုပေါင်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်ရာတွင် ရေမြောင်းများအတွင်းမှ သဲ၊ နုန်းများ၊ စွန့်ပစ်အမှိုက်များ ဆယ်ယူခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း ၂၀ ဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ၁၀ ဦး၊ ဈေးမိဈေးဖ ၃၀ ဦး စုစုပေါင်း အင်အား ၆၀ ဦးတို့ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဟိုပင်မြို့၌ သစ်ပင်စိုက်ပျိုး

ဟိုပင် မေ ၆

ကချင်ပြည်နယ် ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် စည်ပင်ဝန်ထမ်းများသည် ဧပြီ ၂၅ ရက်က ဟိုပင်မြို့ စည်ပင်သာယာဈေး ပတ်ဝန်းကျင်နှင့် မြရိပ်သာလမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာတွင် အရိပ်ရအပင်များနှင့် ပန်းအလှပင် ၂၀၀၀ ကျော် စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးရာသို့ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်နှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရေစီးကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

ဖားကန့် မေ ၈

ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် သန့်ရှင်းသာယာလှပရေးနှင့် မော်ဝမ်းချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဧပြီ ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် ဝန်ထမ်းများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ချောင်းအတွင်း အမှိုက်များ ဆယ်ယူခြင်း၊ ချောင်းဘေးတစ်လျှောက် မြက်နှင့် ပေါင်းပင်များ ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စက်ရေတွင်းတူးဖော်မှု စစ်ဆေး

ရမည်းသင်း မေ ၃

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူတူးဖော်ဆောင်ရွက်ပေးလျက်ရှိသည့် သင်ပန်းကုန်းကျေးရွာအုပ်စု၊ ကျောင်းဖြူကုန်းကျေးရွာတွင် နှစ်လက်မစက်ရေတွင်းကို အလှူရှင်၏ လှူဒါန်းငွေဖြင့် တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်း

အဆိုပါ တူးဖော်ဆောင်ရွက်နေမှုကို ဧပြီ ၂၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းဝါတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး ယခုစက်ရေတွင်းမှာ သတ္တမအကြိမ်မြောက် အလှူရှင် လှူဒါန်းသော စက်ရေတွင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)** **(၁၁၅)**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

ဦးခင်ဇော်–ဒေါ်ဖြူဖြူအေးတို့၏သား

ဗိုလ်ကြီးသိန်းဦး B.A(History) TEZA (24)

နှင့်

ရန်ကုန်မြို့နေ

ဦးသန်းထွန်း–ဒေါ်အမာတင်တို့၏သမီး

မသစ်သစ်ထွန်း 2nd Year (Business Management)

တို့၏ ၆–၅–၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ ၈–၅–၂၀၀၄ရက်နေ့၌ Yuzana Garden Hotel တွင် ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် ဇနီး ဒေါ်ချိုချိုမော်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဒုတိယတပ်ထိန်းချုပ် ဗိုလ်မှူးကြီးစောလွင်၏ ဇနီး ဒေါ်ဝင်းဝင်းမာတို့အားလည်းကောင်း၊ စစ်ဘက် နယ်ဘက်မှ အကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မိတ်ကပ်ဆံပင် အောင်အောင်နှင့် မင်္ဂလာဝတ်စုံဖန်တီးပေးသော ဒေါ်လာမြင့်အောင်၊ ဗီဒီယိုနှင့် ဓာတ်ပုံ မှတ်တမ်းတင်ပေးသော မောင်မောင်ညွှပ်နှင့် အဖွဲ့တို့အားလည်းကောင်း၊ သတို့သားအရန်ဗိုလ်ကြီးဝင်းခန့်နှင့် ဗိုလ်ကြီးလွင်ကို၊ သတို့သမီးအရန် မယဉ်သန္တာဖြူနှင့် မယဉ်သန္တာထွေးတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မနန်းထွေး၊ မင်္ဂလာစပယ်ကုံး ကိုင်ဆောင်ပေးသော ညီမလေးပွင့်သူခိုင်နှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော ညီမလေးပွင့်ဖြူသွယ်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သော ဆွေမျိုးသူငယ်ချင်းများ၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးသိန်းဦး–မသစ်သစ်ထွန်း။

အမည်ဖြည့်စွက်ခြင်း

မဝင်းလဲ့ရီ (အဘ ဦးဇော်ဝင်း) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ဗတထ(နိုင်)၀၃၃၄၆၄]အား မဝင်းလဲ့ရီ(ခ)ဆုလဲ့မွန်ဟု ဖြည့်စွက်ခေါ်ပါရန်။

အမည်မှန်

အဘ လိုင်ဖွန်ကျန်(ခ)ဦးအောင်သန်း၏ သား မောင်အောင်ကျော်ညိမ်း၏အမည်မှန်မှာ မောင်အောင်ကျော်ငြိမ်းဟုခေါ်ပါရန်။

မောင်အောင်ကျော်ငြိမ်း။

အမည်ပြောင်းခြင်း

အဖ ဦးအေးမြင့်၏သမီး မဖြိုး ထက်ထက်ကျော် ပဉ္စမတန်း(D)၊ အထက(၂) မရမ်းကုန်းအား မခွန်းဆင့်သာဟု အမည်ပြောင်းလဲ ခေါ်ပါရန်။

မခွန်းဆင့်သာ။

အမည်ပြောင်းခြင်း

အဖ ဦးဝင်းဋ္ဌေး၏ သား မောင်အောင်ကျော်ဆန်း ပဉ္စမတန်း (B)၊ အထက(၂) မင်္ဂလာဒုံအား မောင်ဟိန်းတေဇာဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းတေဇာ။**

အမည်ပြောင်းခြင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်နေ ကိုအောင်ဇော်မိုး၏သား အမက(၁၀)၊ တတိယတန်းမှ မောင်ဝေယံမိုးအောင်အား ယနေ့မှစ၍ မောင်မင်းသိမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသိမ်း။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏နိုင်ငံကူးလက်မှတ် ၄၉၄၁၀၅သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

မောင်ရန်အောင်၊ ဖုန်း–၆၆၂၂၆၆။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်–၆(ဘီ–၁)နေ

ဦးဟန်မောင်–ဒေါ်ခင်မေ (ကျွန်တော်တို့အားမာန်ဝန်ဆောင်မှုလုပ်ငန်း)တို့၏သား

မောင်ရဲလင်း B.E (Mechanical)

Y.I.T, M.Sc (Building Science) N.U.S

Project Engineer

Leong Hum Engineering Pte/Ltd. (Singapore)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊အမှတ်–၁၈(စီ)နေ

ဦးသာဋ္ဌေး (M.D., Original Group Co.,Ltd.)–ဒေါ်ကြည်ခင်

(Director, Original Group Co.,Ltd.)တို့၏သမီးကြီး

မအိအိခင် B.Sc (Chemistry), I.H.D.C.S (NCC,UK)

(Director, Original Group Co.,Ltd.)

တို့၏ ၆–၅–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ် ဘုရင့်နောင်ခန်းမ၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေး၍ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့်ဇနီး ဒေါ်ခင်မာတို့အားလည်းကောင်း၊ အသိသက်သေများအဖြစ် ပါဝင်ဆောင်ရွက်ပေးကြသော ဗိုလ်မှူးချုပ်စိုးတင့်(ငြိမ်း)နှင့် ဒေါက်တာရဲညွှန့်တို့အားလည်းကောင်း၊ မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးသော ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဇော်မင်းအောင်နှင့် တရားရုံးချုပ်ရှေ့နေကြီး ဦးမြတ်လှဦးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ အခမ်းအနားမှူးဦးကျော်စိုးဦးနှင့် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ရဲလင်း–မအိအိခင်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်–၆(ဘီ–၁)နေ

ဦးဟန်မောင်–ဒေါ်ခင်မေ (ကျွန်တော်တို့အားမာန်ဝန်ဆောင်မှုလုပ်ငန်း)တို့၏သား

မောင်ရဲလင်း B.E (Mechanical)

Y.I.T, M.Sc (Building Science) N.U.S

Project Engineer

Leong Hum Engineering Pte/Ltd. (Singapore) နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊အမှတ်–၁၈(စီ)နေ

ဦးသာဋ္ဌေး (M.D., Original Group Co.,Ltd.)–ဒေါ်ကြည်ခင်

(Director, Original Group Co.,Ltd.)တို့၏သမီးကြီး

မအိအိခင် B.Sc (Chemistry), I.H.D.C.S (NCC,UK)

(Director, Original Group Co.,Ltd.)

တို့၏၈–၅–၂၀၀၄ရက် (စနေနေ့)တွင် Sedona Hotel Grand Ball Room တွင် ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ဆင်မြန်းပေးသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်ဇနီး ဒေါ်စန္ဒာအောင် (ကထိက၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ မင်္ဂလာရွှေဆွဲကြိုးများ ချီးမြှင့်ဆင်မြန်းပေးသော ဗိုလ်မှူးချုပ်စိုးတင့်(ငြိမ်း)နှင့်ဇနီး ဒေါ်စိုးစိုး၊ မင်္ဂလာစိန်လက်စွပ်များ ချီးမြှင့်ဆင်မြန်းပေးသော ဒေါက်တာခင်မောင်ဝင်းနှင့်ဇနီး ဒေါက်တာဒေါ်ဝေဝေ (Diamond Land)တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အနုပညာရှင်များနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ တေးဂီတ Lazy Club တီးဝိုင်းနှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကြဲပေးသော မချိုသံသာ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မအေးမွန်ဦး၊ မင်္ဂလာရွှေဆွဲကြိုးနှင့် စိန်လက်စွပ်ကိုင်ဆောင်ပေးသော မမေသွယ်ထူး၊ သတို့သားအရန် မောင်ပြည့်ဖြိုးကိုကို၊ သတို့သမီးအရန် မဝေမွန်ခင်တို့အားလည်းကောင်း၊ အလှဖန်တီးရှင် မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မမဥ္ဇူ၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော Ah Kai အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီကြသူများအားလုံးနှင့် Sedona ဟိုတယ် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ရဲလင်း–မအိအိခင်။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ်(၂၃)နေ

ဦးမောင်မောင်(ပြည်ထဲရေးဝန်ကြီးဌာန)–ဒေါ်မြသန်းတို့၏သားကြီး၊

မောင်မျိုးမင်းလတ်(Third Year Maths) – မမြတ်စုလှိုင်တို့၏အစ်ကို

မောင်တင်ထွဋ်ဦး B.Sc(Maths)

Trading Manager (Export Division),

Diamond Star Co., Ltd.

နှင့်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၂၉)နေ

ဦးအောင်ဋ္ဌေး(လ/ထအင်ဂျင်နီယာ၊ လမ်းအထူးအဖွဲ့–၁၅၊ ငြိမ်း)–

ဒေါ်ခင်ဖုန်းကြင်တို့၏သမီးကြီး

မမာလာခင် B.Com, C.P.A

DMP, DA, D.P.M (L.C.C.I-UK),

A.C.C.A(Professional Stage)

တို့၏ ၂–၅–၂၀၀၄နေ့ တွံတေးမြို့၌ကျင်းပသော မင်္ဂလာညှော်ခံပွဲနှင့် ၁၁–၅–၂၀၀၄နေ့ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ Diamond Star Co., Ltd. မှ အကြီးအကဲနှင့်ဝန်ထမ်းများ၊ ဘုရင့်နောင် (ကုန်စည်ဒိုင်)မှ မိတ်ဆွေအပေါင်းအသင်းများ၊ ခင်မင်ရသော သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်ထွဋ်ဦး – မမာလာခင်။

ရန်ကုန်တက္ကသိုလ်
ဒီပလိုမာဘွဲ့သင်တန်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်တွင် အောက်ဖော်ပြပါ ဒီပလိုမာဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်–

(က) အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာသင်တန်း

(ခ) အသုံးချစိတ်ပညာ ဒီပလိုမာသင်တန်း

(ဂ) အသုံးချရူပဗေဒ ဒီပလိုမာသင်တန်း

(ဃ) ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း

(င) ကုန်ထုတ်ဓာတုဗေဒ ဒီပလိုမာသင်တန်း

(စ) စာကြည့်တိုက်နှင့်သုတပညာဒီပလိုမာသင်တန်း

(ဆ) မနုဿဗေဒဒီပလိုမာသင်တန်း

၂။ အထက်ပါ ဒီပလိုမာဘွဲ့ သင်တန်းများကို အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) သင်တန်းကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

၄။ ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၃၁–၅–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

ခင်အေးကျော်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်။





တိုက်ခန်းငှားမည်

ကန်တော်လေး၊ (၉၃)လမ်း၊ (၃)လွှာ၊ HT ၁၃ ၃' x၅၀'၊ ရေမီးစုံ၊ ဖုန်းပါ၊ ပွဲစားမလို။ ညနေ ၆း၀၀နာရီမှ ၈နက် ၉း၀၀နာရီအတွင်း။ **ဖုန်း–၃၈၂၅၆၉။**

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း–၂၄၈၀၆၄

သမားတော်ကြီး ဝိဇ္ဇာ၊ လိပ်ခေါင်း၊ ဂရင်ဂျီနာ အထူးကု

စအိုနှင့်စအိုဝန်းကျင်တွင်ဖြစ်သော အောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က (စအိုပိတ်၍ စအိုကင်ဆာဖြစ်မည်။ စအိုပိတ်က အသက်အန္တရာယ်ရှိသည်။) လိပ်ခေါင်းအတွင်းအပြင်ထွက်၊ စအိုနာ၊ ဝမ်းသွားခက်၊ စအိုဝတစ်ဆို့၊ ပူစပ်၊ စအိုကျွံပြီး အပြင်စူထွက်၊ ဝမ်းသွားမရ၊ စအိုဝအသားပိုထွက်၊ စအိုဝ၊ အဖုအသီး ဂရင်ဂျီနာ၊ သွေးပြည်ထွက်၊ စအိုကျဉ်း၊ စအိုပိတ် (မခွဲမဖြတ်၊ မနာ၊ မပူမစပ်) ကုသပေးမည်။ အဖုအကျိတ်တွေ့က အမြန်စမ်းသပ် ခံယူပါ။ ရောဂါရင့်က အသက်အန္တရာယ်ရှိသည်။ ဝါရင့်ဆရာမရှိသည်။ အကျိတ်မျိုးစုံ (မခွဲမဖြတ် ကုသပေးမည်) အရေပြားရောဂါ၊ ခရုသင်း၊ သမင်ဖြူ ကုသပေးမည်။

ပင်မဝိဇ္ဇာ–အမှတ်–၂၇၃၊ ရွှေဘုံသာအလယ်လမ်း၊ နေဇာဆေးခန်းအပေါ်ထပ်၊ ရန်ကုန်။ (တစ်နေ့ကုန်ဖွင့်သည်)

ပင်မဝိဇ္ဇာ–အမှတ်–၃၃၈၊ ရွှေဘုံသာအထက်လမ်း၊ အေးရိပ်သာနှင့်ကပ်လျက်၊ မာလင်မျက်မှန်ဆိုင်၊ ရန်ကုန်။

မင်္ဂလာဆောင်ခံပွဲ ကျေးဇူးတင်လွှာ

ပြည်ခရိုင်၊ ဝက်ထီးကန်မြို့၊ ရွှေကန်သာ(၁)ရပ်ကွက်နေ
ဗိုလ်ကြီးအေးကြည်(ငြိမ်း)၊ မန်နေဂျာ(အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီ)–
ဒေါ်ခင်ကြူတို့၏သား

ဗိုလ်နေထွန်းဦး B.E˚(Electrical Power)
D.S.T.A
တပ်မတော်(ရေ)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်အိမ်ရာ၊တိုက်(I)၊အခန်း(၄)နေ
ဦးဝင်းထိန်(ဒါရိုက်တာ၊ စီမံ)အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီ–
ဒေါ်မေတင်(ကျောင်းဆရာမ)တို့၏သမီး

မမျိုးမမဦး (LL.B)
ဒု–မြို့နယ်ဥပဒေအရာရှိ(ဒိုက်ဦးမြို့နယ်ဥပဒေရုံး)

တို့သည် ၂၂–၄–၂၀၀၄နေ့တွင် ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပြီး ၉–၅–၂၀၀၄နေ့ Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မေတ္တာဖြင့် မင်္ဂလာလက်ဆောင်များပေးပို့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော သင်္ဘောကျင်းရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းနှင့် ဇနီး ဒေါ်မိမိသန်း၊ မင်္ဂလာစိန်လက်စွပ် ဆင်မြန်းပေးသော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်သိန်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဧရာဝတီရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့် ဇနီး ဒေါ်ခင်သီတာဦး၊ အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်ခင်ခင်ဌေး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာများ၊ ဒု–ဒါရိုက်တာများ၊ အင်ဂျင်နီယာများ၊ မန်နေဂျာများနှင့် ဝန်ထမ်းများ၊ သတို့သားအရန်အဖြစ် ဆောင်ရွက်ပေးသော ဗိုလ်နိုင်မင်းသိန်းနှင့် သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးသော မဖြူပြာကြည်၊ မင်္ဂလာပန်းကြဲပေးသော မတင်တင်ယု၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မပြည့်စုံအေး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်းကို သီဆိုပေးသော တေးသံရှင်စိမ်းမို့မို့၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော ပွင့်နှင့် အဖွဲ့သားများ၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော ဦးမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မှတ်တမ်းတင်ဓာတ်ပုံနှင့်ဒီဗွီဒီရိုက်ကူးပေးသော စိုင်းဘုန်းထူး၊ စိန်အလှဆင်မြန်းပေးသောDiamond Star ၊ ပန်းအလှပြင်ပေးသော Yuzana Garden Hotelနှင့် နီနီပွိုင့်၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ဗိုချမ်းနှင့် သူငယ်ချင်းများ၊ Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်နေထွန်းဦး–မမျိုးမမဦး။

မင်္ဂလာဆောင်ခံပွဲ ကျေးဇူးတင်လွှာ

(B-22)

M.Sc(Physics, Elec:),
MS (Engineering Physics-Elec:)

နှင့်

M.Sc(Physics, Elec:),
MS (Engineering Physics-Elec:) Coordinator,
Networking & Initiatives for Culture & the Arts(NICA)

Excellent

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၇)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၃၃)နေ
ဦးစံတင် [S.E.E (Rtd.) M.O.G.E]–ဒေါ်အေးအေးလွင်တို့၏သားထွေး

မောင်ထွန်းထွန်းတင် B.E (Electronic)
Senior Field Engineer (Schlumberger)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၉–ဘီ)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၄၃)နေ
(ဗိုလ်ကြီးကျော်ကျော်)–ဒေါ်ခင်တင် (အထပြ၊ ငြိမ်း၊ အထက–၁၊ လမ်းမတော်)တို့၏သမီး

မမြတ်မိုးကျော် B.Sc (Physics)
Yangon International Hotel

တို့၏ ၈–၅–၂၀၀၄တွင် Sedona Hotel (Grand Ball Room)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော Ueda Setsubi Company Limited မှ Managing Director Mr.Ueda Kunio နှင့် Mrs.Ueda Michiko၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အထွေထွေမန်နေဂျာ (အငြိမ်းစား) ဦးသိန်းနှင့်ဇနီး ဒေါ်ရီရီသိန်း၊ ၁–၅–၂၀၀၄ရက်၌ မင်္ဂလာစကားလက်ခံပြောကြားပေးသော ဦးဇင်မြင့် (ဘဒ္ဒကစ္စနစာပေ)နှင့် ဇနီး ဒေါ်ခင်ထွေးထွေး(နေနွယ်ဇင်မြင့်)၊ ၆–၅–၂၀၀၄ရက်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး၊ ညွှန်ကြားရေးမှူး(ပြစ်မှု)ဦးမြသိန်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်နှင့် တေးဂီတစန္ဒရားသိန်းမြင့်သန်းနှင့်တေးသံရှင်များ၊ မင်္ဂလာ အခါတော်ပေးသီဆိုပေးသော နွဲ့ယဉ်ဝင်း၊ မင်္ဂလာပန်းကြဲပေးသော မအေးသူဇာ၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မောင်ထွင့်အောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မဖူးဖူးရတနာ၊ မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးပေးသော AKIနှင့်အဖွဲ့၊ သတို့သမီးဝတ်စုံ ဦးမြင့်စိုး၊ ဓာတ်ပုံအောင်ထွန်းနိုင် (ပြည်မြန်မာ)နှင့်သားအဖွဲ့၊ အစအဆုံးကူညီပေးသော ပန်းအလှပြင်၊ မိတ်ကပ် လင်းလင်း၊ ကိုထင်အောင်အောင်ဦးနှင့်အဖွဲ့၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုးညီအစ်ကိုမောင်နှမ၊ သူငယ်ချင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းထွန်းတင်–မမြတ်မိုးကျော်။

အသိပေးကြေညာချက်

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်၊ ဘောတံတားလမ်း၊ အမှတ်(၂)နေ ကိုကျော်လွင်ခိုင်၏ဇနီး၊ မဌေးဌေးဝင်း [၁၂/ဆကခ(နိုင်)၀၀၄၀၃၃] နှင့် (၈)လအရွယ် သမီးမေဖူးခင်တို့သည် ၁၇–၄–၂၀၀၄နေ့မှစ၍ ပျောက်ဆုံးနေပါသည်။ လက်ခံထားသူများ အမြန်ဆုံးသတင်းပို့အပ်နှံကြပါရန်နှင့် ဆက်လက်လက်ခံထားမည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမြသွေး (စဥ်–၂၁၅၆၉)
ဥပဒေအကျိုးဆောင်ရှေ့နေ
၁၉၊ (၁)လမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်။



အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် –၁၊ နည်းဥပဒေ –၈)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ် –၅၈၇

ဖာရစီမီးဘုရားကျောင်းနှင့် သုသာန်မြေဂေါပကအဖွဲ့ (၎င်း၏ကိုယ်စားဦးရွှေဘော်) အမှတ်–၂၁၆၊ လမ်း(၄၀)၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	၁။ဦးဘခင်(ကန်ထရိုက်တာ) ဂန္ဓမာဆောက်လုပ်ရေးအဖွဲ့ အမှတ်(၁၉၉/၂၀၅)၊ (၂၉)လမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်။ ၂။ဦးအောင်မင်း(ခ)မိုမာမက်အာမင်း အမှတ်(၁၅၀)၊ (၂၉)လမ်း၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်များ**

သက်ဆိုင်သူများ သိစေလိုက်သည်။

အထက်ပါအမှုမှ တရားလိုက တရားပြိုင်များအပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ–၉၂အရ "သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ–၈အရ ဖာရစီမီးဘုရားကျောင်းနှင့် သုသာန်မြေဂေါပကအဖွဲ့ပိုင် မြေကွက်ပေါ်တွင် ပိုင်ရှင်၏ခွင့်ပြုချက်သော်လည်းကောင်း၊ ပိုင်ရှင်နှင့်နှစ်ဦးသဘောတူ ပဋိညာဉ်သော်လည်းကောင်း ရရှိခြင်းမရှိဘဲ မတရားကျူးကျော်၍ (၇)ထပ်တိုက် အဆောက်အအုံဆောက်လုပ်လျက်ရှိနေခြင်းကို ဖျက်သိမ်းဖယ်ရှား၍ လက်ရောက် ပေးအပ်စေလိုမှု" စွဲဆိုထားပါသည်။ ယင်းအမှုကို ဆိုင်ဆိုကြားနာရန်အတွက် ၂၀၀၄ ခုနှစ် မေလ ၁၈ ရက်(၁၃၆၆ခုနှစ်၊ ကဆုန်လကွယ် နေ့) နံနက် ၁၀နာရီသို့ ချိန်းဆိုထားပါသည်။ သို့ဖြစ်ရာ သက်ဆိုင်သူ မည်သူမဆို အဆိုပါ အမှုတွင် အမှုသည်အဖြစ်ပါဝင်လိုပါက ဆိုခဲ့သည့်နေ့ရက်တွင် လာရောက် လျှောက်ထားနိုင်ကြောင်း ဆင့်ဆိုပါသည်။

၂၀၀၄ခုနှစ် ဧပြီလ ၂၉ရက်နေ့တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြသိမ်း
တွဲဖက်တိုင်းတရားသူကြီး(၁၅)
ရန်ကုန်တိုင်းတရားရုံး။

T ZONE
JOB OPPORTUNITY

(For Local Service Only)

The following positions are available for efficient, energetic and highly motivated applicants due to the company's expansion in ICT field.

1) **Sales and Marketing Executive** 5 Post(M/F)
   ❑Age between 18 & 25 ❑10th standard passed ❑Must have pleasant personality ❑Efficient, energetic and hard working
2) **Programmer** 5 Post (M/F)
   ❑Age 18 & above ❑10th standard passed (IT diploma or degree holder is preferable) ❑Must be familiar with VB,SQL,ASP or Java
3) **Computer Service Engineer** 5 Post (M)
   ❑Age 18 & above ❑10th standard passed ❑Must have knowledge on networking
4) **Driving** 1 Post (M)

Please submit application including C.V, recent photos and copy of labour registration card to **Myanmar Technology Zone Ltd.**, 145, Ahnawrahta St., Bet. Lanmadaw & 16th St., Yangon, Ph:251150, 220174 within 2 weeks after this advertisement.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ပေါ(မြင်းခြံမြို့)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ ကွယ်လွန်သွားသည့်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းအုပ်ကြီးနှင့် စစ်ကိုင်းပညာရေးကောလိပ်မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ပေါ(မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ(မြင်းခြံ) အသက်(၇၉)နှစ်သည် ၆–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြစ်ကြီးနားပညာရေးကောလိပ်မိသားစု။

လူပျောက်ကြော်ငြာ

ဖော်ပြပါဓာတ်ပုံရှင် ဦးမောင်အုန်း အသက်(၇၀) [၇/နတလ(နိုင်)၀၆၄၉၃၈] သည်မေ့လျော့တတ်သောဝေဒနာကုသစဉ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် တောင်တော်ဦးကျောင်းမှ ၁–၅–၂၀၀၄နေ့ နံနက် ၄နာရီတွင် ကျောင်းမှထွက်သွားပါ၍ ပြန်ရောက်ခြင်းမရှိသေးပါသောကြောင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်လိပ်စာ–
တောင်တော်ဦးကျောင်း၊
ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။



ညှိနှိုင်းဈေးနှင့်အမြန်ရောင်းမည်

တိုက်(၃)၊ အခန်း(၄၀၇)၊ ရွှေလိပ်ပြာအိမ်ရာ၊ ကြည့်မြင်တိုင်၊ 5/F၊ ပြင်ဆင် ပြီး၊ ရေ၊ မီးစုံ။

ဖုန်း-၂၁၀၉၉၂။



ရောင်းမည်

လက်ဖက်ရည်ဆိုင် ဖွင့်လိုသူများအတွက် စားပွဲ၊ ကုလားထိုင်၊ ပန်းကန်၊ ရေခဲသေတ္တာ၊ ကက်ဆက်၊ ကောင်တာခုံ၊ အအေးကတ် စသည့် တစ်စုံစာ သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းရန်ရှိသည်။

Ph:01-570423.



အိမ်ငှားရန်

ရွှေပေါက်ကံမြို့နယ်၊ (၁၃)ရပ်ကွက်၊ မြေ40'x60'၊ သုံးပင်နှစ်ခန်း၊ တစ်ထပ်သွပ်မိုးပျဉ်ထောင်အိမ်၊ မီတာ၊ အဝီစိတွင်း။

ဆက်သွယ်ရန်

ဖုန်း-၆၄၀၃၈၄၊ ၀၉-၅၀၀-၉၃၈၃။

ရောင်းမည်

အမှတ်(၁၂၆/A)၊ ဓမ္မစေတီလမ်းပေါ်ရှိ မြေနှင့် သုံးထပ်အဆောက်အအုံ ရောင်းရန်ရှိသည်။

ဖုန်း-၀၉၈၀ ၃၄၃၆၆၊ ၂၅၁၉၇၄။

အမည်ပြောင်းခြင်း

အဖ ဦးတင်ဝင်း၏သား မောင်ရဲထက်သွင်အား ယနေ့မှစ၍ မောင်နန္ဒတင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်နန္ဒတင်။

အမည်ပြောင်းခြင်း

ဦးတင်မောင်၏သမီး အလက(၄) ရန်ကင်း၊ ပဥ္စမတန်းမှ မငုဝါအား မချစ်ဆုသူဇာဟု အမည်ပြောင်းလဲခေါ်ပါရန်။

ချစ်ဆုသူဇာ။

အမည်ပြောင်းခြင်း

အဘ ဦးမျိုးမြင့်၏သား **မောင်စန်းမျိုးနိုင်** အဋ္ဌမတန်း(A)၊ အထက(၃)၊ တာမွေအား **မောင်လွင်ဘုန်းမြင့်** ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်လွင်ဘုန်းမြင့်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်နိုင်စိုးသည် ခရီးသွားရင်း နိုင်ငံကူးလက်မှတ် အမှတ်(၂၆၁၀၂၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ၊ ကျေးဇူးဆပ်ပါမည်။

ကျော်နိုင်စိုး (ဖုန်း-၅၅၄၂၈၃)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုင်းသူရအောင်Passport No-359236 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ။

အမှတ်(၈)၊ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း၊ တာမွေ။

ဒေါ်စန်းစန်းဝင်း
အသက် (၅၄)နှစ် (ဝါခြီ)

ရန်ကုန်မြို့နေ (ဦးအုန်းရွှေ(ခ)ဦးတင်ဝင်း)-ဒေါ်တင်မြတို့၏သမီးကြီး၊ ဦးသိန်းတန်(ဝါခြီ၊ ငြိမ်း)၏ဇနီး၊ ဦးအောင်မြင့်(စက်မှု-၁၊ အထည်အလိပ်)-ဒေါ်ခင်လှဝေတို့၏ညီမ၊ကိုကျော်ကျော်ဝင်း(ကစလ)-မရှုလွင်၊အရာခံဗိုလ်ထွန်းဦး(ဝါခြီ)-မပြုံးပြုံးဝင်း၊ကိုအောင်မိုးဝင်း-မသန်းသန်းဆင့်တို့၏အစ်မကြီးသည် ၉-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ရက် မွန်းတည့်၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှတ်(၈၃၄)၊ သုမင်္ဂလာလမ်း(ဓာတ်ဆီဆိုင်အနီး)၊(၇)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကျင်ကွမ်
အသက်(၇၅)နှစ်
(ထားဝယ်)

ထားဝယ်မြို့၊ ညောင်ရမ်းရပ်နေ (ဦးအာလူး-ဒေါ်စိန်ရီ)တို့၏သား၊ (ဦးတင်မြင့်)-ဒေါ်စိန်၊ ဦးဇော်သိန်း-ဒေါ်ခင်ကြည်၊ (ဦးသန်းမြင့်)-ဒေါ်စန်းရီ ဦးဝင်းနိုင်-ဒေါ်ကြည်တို့၏ညီ/မောင်၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ အောက်ဂန္ဓာမာလမ်း၊ အမှတ်(၁၆၉)နေ ဒေါ်တင်၏ခင်ပွန်း၊ ဦးဝင်းအောင်-ဒေါ်သောင်းကြည်၊ကိုနီ-မတူးမာ၊ဦးစုငယ်-ဒေါ်ချိုချိုတို့၏မွေးသဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၁၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ မွန်းလွဲ၁နာရီ ထွက်မည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျင်ဟုတ် (မော်လမြိုင်) အသက်(၅၅)နှစ်

အစ်မကြီး ဒေါ်ခင်သက်တင်၏ချစ်ခင်ပွန်း၊ အစ်ကိုကြီး ဦးကျင်ဟုတ်သည် ၆-၅-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရ၍အစ်မကြီးနှင့်ထပ်တူ တူ၊တူမများနှင့်တကွ ဝမ်းနည်းကြေကွဲရပါသည်။ ချစ်အစ်ကိုကြီး ဦးကျင်ဟုတ် ကောင်းရာသုဂတိရောက်ပါစေ---။

မောင်တင်မောင်မြင့်။

အများသိစေရန်

ကျွန်တော် ဦးမြသောင်း(K/RGN 037372)နှင့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဌေး(C/RGN 009358)တို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါ၍ (၂၆-၄-၂၀၀၄) နေ့မှစ၍ ပေါင်းသင်းနေထိုင်ခြင်း မရှိတော့ပါသဖြင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမြသောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဗ/၅၀၇၀မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍(၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

ဦးအောင်သန်း
အသက် (၇၉)နှစ်
ဒု-ညွှန်မှူး(ထွေ/အုပ်)ငြိမ်း

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်နေ (ဦးဘ-ဒေါ်ဆင်)တို့၏သား၊ ဒေါ်မြမေ၏မောင်၊ ဦးမောင်မောင်တိုးအောင်-ဒေါ်ခင်မာအေး(နှင်းရွှေဝါအထည်ဆိုင်၊ ကျောက်ဆည်)၊ ဦးမောင်မောင်စိုးအောင် (Mariner Enterprise Co., Ltd.)- ဒေါ်မို့မို့နိုင်၊ ဦးဝင်းဦး(အောင်ဆိုင်ကယ်ပစ္စည်းဆိုင်)-ဒေါ်အေးမိမိအောင်(အထက၁၊စစ်ကိုင်း)တို့၏ဖခင်၊ သက်စုအောင်(1st Year Zoo ဒဂုံတက္ကသိုလ်)၊ မောင်ရဲလင်း(အထက-၂၊ကျောက်ဆည်)၊ ငြိမ်းစုစံ၊ အောင်ပိုင်ဦးတို့၏အဘိုး၊ ဒေါ်တင်မိမိ၏ခင်ပွန်းသည် စစ်ကိုင်းမြို့နေအိမ်၌ ၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၀၄ရက်တွင် စစ်ကိုင်းမြို့ သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ဌေး
အသက် (၄၀)
ရှမ်းလမ်းဈေး၊ ဈေးများဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ အမှတ်(၂၁)၊ ပန်းခြံလမ်းနေ မိတ်ဆက်(ဦးတင်ညွှန့်-ဒေါ်ခင်ချစ်)တို့၏သမီး၊ ဦးမောင်-ဒေါ်တင်လှတို့၏ ချွေးမ၊ ဦးမျိုးဝင်း-ဒေါ်ကြည်ဌေး၊ ဦးဌေးညွှန့်-ဒေါ်အေးသိန်း၊(ဦးသန့်ဇင်)၊ (ဦးဌေးချစ်)-ဒေါ်စန်းမြင့်တို့၏ ချစ်လှစွာသော ညီမ၊ ဦးလှဌေး၊ ဦးအောင်ကြီး၊ ဒေါ်အေးအေးမြင့်တို့၏ အစ်မ၊ ဦးတင်အေး၏ ချစ်လှစွာသော ဇနီး၊ မခင်နွေးနွေးငြိမ်း၊ မခင်ထွေးထွေးငြိမ်း တို့၏ ချစ်လှစွာသော မွေးသမိခင်၊ တူ၊ တူမ ၁၃ ယောက် တို့၏အဒေါ်သည် ၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မယ်မ (၈၇)နှစ်
(ပခုက္ကူ)

ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံမှူး ဦးစိန်ဝင်း၏မိခင်ဖြစ်သူ ဒေါ်မယ်မ (၈၇)နှစ်သည် ၈-၅-၂၀၀၄နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဝန်ထမ်းများ
ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း
မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကျင်အေး အသက်(၇၀)
(မော်လမြိုင်)

ဒေါ်ကျင်အေး အသက်(၇၀)မော်လမြိုင်သည် ၅-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တောင်ဝိုင်းဗုဒ္ဓဝင်ကုသိနာရုံဘုရား
ဂေါပကအဖွဲ့
မော်လမြိုင်မြို့။

ဒေါ်ယဉ်ယဉ်မြ
အသက်(၄၅)နှစ်
(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့နေ ဦးခင်မောင်-(ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ ဘောက်ထော်စာရေးတန်းလမ်း အိမ်အမှတ်(၈/ခ)နေ ဦးတင်လတ်-ဒေါ်ခင်သန်းတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ခြံအမှတ်(၉၅) ရွာမသံမဏိစက်ရုံဝင်းနေ ဦးထင်ရှား(လက်ထောက်အင်ဂျင်နီယာ)၏ချစ်လှစွာသောဇနီး၊ ဦးခင်မောင်တင်-ဒေါ်ခမ်းနော၊ ဦးခင်မောင်ရင်-မသီသီနွဲ့၊ ဦးခင်မောင်သွင်-ဒေါ်ရီရီဝင်းတို့၏ညီမ၊ ဒုတိယဗိုလ်မှူးကြီးမြသန်းကို-ဒေါ်ယဉ်ယဉ်မေ၊ ရဲအုပ်ခင်မောင်သန်း-ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးသိန်းဝင်း-ဒေါ်ယဉ်ယဉ်ဝေ၊ ဗိုလ်မှူးသန်းထွဋ်ညွှန့်-ဒေါ်ယဉ်ယဉ်ထွေးတို့၏အစ်မ၊ မောင်သန့်ဇင်ဦး၊ စုစန္ဒီ၊ ဇာနည်ထင်ရှား၊ယုယမုံတို့၏ မွေးသမိခင်သည် ၉-၅-၂၀၀၄ (တနင်္ဂနွေနေ့)မွန်းလွဲ ၂း၄၅နာရီတွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခွေးရောင်းမည်

Imported အထီး+Imported အမမှပေါက်သော Golden Retriever ၄၅ရက်သားပေါက်များ ရောင်းမည်။

ဖုန်း-၀၉-၅၀၀ ၃၆၀၈။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဏ/၆၇၄၇ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)။

သားအဖြစ်မှစွန့်လွှတ်ခြင်း

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၃/ဟပန(နိုင်)၀၂၅၄၁၂]ကိုင်ဆောင်သူ မောင်ထွေးသည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း၊ နောင်နောင်ငင်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ဦးတွမ်ရှိရှင်း
[၁၃/ဟပန(နိုင်)၀၂၅၄၀၃]။

ရဟန်းဒါယိကာမကြီး
ဒေါ်မသိန်းဦး (စစ်တွေမြို့)
အသက်(၈၆)နှစ်

စစ်တွေမြို့၊ လမ်းမတော်မြောက်နေ (ဦးကျော်ဇံ-ဒေါ်လှသန္တာ)တို့၏သမီး၊ (ဒေါက်တာ ဦးကျော်မင်း)၏ဇနီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်-၂၁၊ အခန်း-၄၀၁၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ ခရေ ၄-လမ်းနေ ဦးကျော်သိန်း(မြို့နယ်စည်ပင်၊ငြိမ်း)-ဒေါ်လှမြအေးတို့၏မိခင်၊မအေးအေးသန်း(ငါးလုပ်ငန်းဦးစီးဌာန)၊ ကိုကျော်စိုး(F.G.Oiler)၊ (ကိုသန်းဝင်း)၊ ကိုကျော်နိုင်(Zizawa Health care)၊(ကိုကျော်ဝင်း)၊ မစန္ဒာကျော်၊ မစုစုကျော်(Youth Force Marking Co., Ltd.)တို့၏ အဘောင်ရှင်၊ မအိန္ဒြာသန်းဝင်း၏ အဖီးရှင်သည် ၇-၅-၂၀၀၄ရက် (သောကြာနေ့)ည ၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဇမောင် (၈၁)နှစ်
(ဟသ်ာတ-နတ်မှော်)
အခြေစိုက်အလုပ်ရုံအမှတ်(၃)
ကပရ(အငြိမ်းစား)

ဇီးကုန်းမြို့ ဆက်သွယ်ရေးစခန်းနေ ဒေါ်ခင်မြ၏ခင်ပွန်း၊ ဦးရဲမြင့်(အခြေစိုက်-၂၊ကပရ)-ဒေါ်မြမြအေး၊ ဦးခင်မောင်ထွန်း-ဒေါ်မိမိဆွေ (အခြေစိုက်-၁၊ ကပရ)၊ ဦးဝင်းသိန်း(ဆသရ၊ ဇီးကုန်း)၊ ဒေါ်နွဲ့နွဲ့အေး(ကြို့ပင်ကောက်စာတိုက်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဦးသူသူနိုင်ဦး၊ ဗိုလ်သာယာ-မေသကြိန်၊ မမိုးမြင့်သူ၊ မောင်ရဲစည်သူ၊ မမေချစ်တုန်၊ မမေပြည့်စုံတို့၏ဘိုးဘိုး၊မလဝန်းသာယာ၏ဘိုးဘိုးကြီးသည် ဇီးကုန်းမြို့၊ ဆသရဝန်းနေအိမ်၌ ၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၅-၂၀၀၄ရက်တွင် ဇီးကုန်းမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများကို သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

လင်ကင်စွဲ(ခ)ဦးမြင့်စိန်
အသက် (၅၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၆၆၇)၊ မဟာဗန္ဓုလလမ်းနေ (ဦးလင်ဘန်ကြပ်)-ဒေါ်ကေ့ဗှာအိန်း (ခ) ဒေါ်အိန်း၏သား၊ ဒေါ်ကျင်နု၏ခင်ပွန်း၊ ဒေါ်လင်ယော့ကြွမ့်၊ ဒေါ်သန်းသန်းအေးတို့၏မောင်၊ မတင်မေ-ကိုခင်အောင်၏အစ်ကို၊ မခင်အေးမြင့် XC အထက(၂) လသာ၊ မနွဲ့ယဉ်မြင့် VIH အထက(၂) လသာတို့၏ဖခင် လင်ကင်စိ (ခ) ဦးမြင့်စိန်သည် ၉-၅-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၅း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကသာခရိုင်အသင်း(ရန်ကုန်)
ဦးချန်း(၇၈)နှစ်

ကသာမြို့၊ ယခင် သက်ပန်းရပ်ကွက်နေ ဒေါ်လန်း၏ခင်ပွန်း၊ ဒေါ်ခင်ကွယ်၊ ဦးအောင်မြင့်၊ ဒေါက်တာစိန်မြင့်၊ ဒေါ်ယဉ်ယဉ်ထွေးတို့၏အစ်ကိုကြီး၊ ဦးစံဝင်း-ဒေါ်သီတာဝင်း၊ ဦးသိန်းဝင်း-ဒေါ်ရီရီဆွေ၊ ဦးကျော်ဝင်း-ဒေါ်လှဲ့လှဲ့ဆွေ၊ ဦးစံထွန်း-ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်ခင်မြင့်၊ ဒေါက်တာစံရွှေ-ဒေါ်ဖြူဖြူဆွေတို့၏မွေးသဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုး ကသာအသင်း၏ ကန်တော့ခံအဘိုး ဦးချန်း(ခ)ဦးအချန်းလေးသည် ၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၅- ၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားပါသည်။အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်းဒါယိကာမကြီး

ဒေါ်သန္တာညွန့်(၄၇)နှစ်

"လက်ရွေးစင်"လက်ဖက်ရည်ဆိုင်

ရန်ကုန်မြို့၊ အမှတ်(၆)၊ ပြည်တော်အေးလမ်း၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဘုရား၊သိမ်၊ ကျောင်းဒါယကာကြီး(ဦးညွန့်)-ဒေါ်သန်းသန်းတို့၏ သမီးကြီး၊ ဦးဝင်းလှိုင်ညွန့်-ဒေါ်ခင်စန်းစန်း (စိတ်လှစတိုး)၊ဒုတိယဗိုလ်မှူးကြီးဇော်မင်း(တပ်မတော်-လေ)-ဒေါ်နီလာညွန့်၊ ဦးအေးနိုင်ညွန့်၊ ဦးအောင်ကျော်ထွန်း-ဒေါ်မြစန္ဒာညွန့်၊ ဦးအောင်ကျော်ညွန့်-ဒေါ်မွန်မွန်မြင့်၊ဗိုလ်ကြီးမောင်မောင်ထွန်း-ဒေါ်သီတာစိန်ညွန့်တို့၏ ချစ်လှစွာသောအစ်မကြီး၊ မောင်ထက်အောင်လင်း(ခ)မောင်ဇော်ထက် (အထက-၂၊ဗဟန်း၊နဝမတန်း)၏ ချစ်လှစွာသောမိခင်၊ တူ၊ တူမ ၁၀ယောက်တို့၏ကြီးကြီး ဒေါ်သန္တာညွန့်သည် ၁၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းလှိုင် (၄၃)နှစ်

မန်နေဂျာ၊ မြန်မာယူနီဗာဆယ်ဘဏ်(ရုံးချုပ်)

(စိန်ဂျွန်းကျောင်းသားဟောင်း)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးလှိုင်-ဒေါ်ယဉ်ကြည်တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် (၂၃) ၁၄၁ လမ်း၊ မအူကုန်း၊တာမွေမြို့နယ်နေ (ဦးထွန်းလှိုင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်လှိုင် (ပြန်ဆက်၊ တာမွေ)၊ ဦးသန်းစိုး-ဒေါ်နုနုလှိုင်၊ ဦးခင်မောင်စိုးတို့၏ညီ/မောင်၊ မခင်မာလှိုင် (MUB. ဆူးလေ)၊ မစုစုလှိုင်(မြန်မာ့စီးပွားရေးဘဏ်)၊ မခင်အေးမူ၊ မခင်သန်းမူ၊ မောင်မင်းသိမ်းတို့၏အစ်ကို၊ ဒေါ်ခင်ဌေးရီ(ခ)မချို၏ချစ်လှစွာသောခင်ပွန်း၊ မအိမ့်သီရိလှိုင် VA၊ မဝင့်သဉ္ဇာလှိုင် (IA၊အထက-၄ ဗိုလ်တထောင်)တို့၏ချစ်လှစွာသောဖခင်သည် ၁၀-၅-၂၀၀၄ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးသန်း (၃၉)နှစ်

B.A (Geography)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ် (၃၃၉/ခ)နေ ဦးသန်းစိုး-ဒေါ်အေးကြိုင်တို့၏သမီး၊ (ဦးစိန်မောင်ရီ)-ဒေါ်လေးရှင်တို့၏သမီးချွေးမ၊ ဦးစိုးလှထွန်း(MPPE)၏ဇနီး၊ မလဲ့သီရိမွန်(အလက-၄၊ ရန်ကင်း)၊ မထက်သီရိအောင်(အလက-၄၊ ရန်ကင်း)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်အေးအေးသန်းသည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးသဇင်မြင့် (၄၄)နှစ်

သူငယ်ချင်းသဇင်ဒို့အားလုံးနဲ့ စောစီးစွာခွဲခွာသွားတဲ့အတွက် မိသားစုနဲ့ ထပ်တူ ဝမ်းနည်း ကြေကွဲ ယူကြုံးမရဖြစ်ရပါတယ်။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။ **သူငယ်ချင်းများ။**

ဘုရား၊ကျောင်း၊ရဟန်းအမကြီး

ဒေါ်စန်းစန်း (၈၄)နှစ်

T.S မော်တော်စတိုး၊ (မြင်းခြံ)

မြင်းခြံမြို့နေ (ဦးသန့်-ဒေါ်ချယ်)တို့၏သမီး၊ (ဦးဘို-ဒေါ်ခင်မေ)တို့၏ညီမ၊ မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၂၅)နေ ဦးတင်အောင်(T.S မော်တော်စတိုး)၏ ဇနီး၊ ဦးချစ်ကိုကို-ဒေါ်တင်တင်ဦး၊ ဒေါက်တာကျော်ဇင်မြင့်-ဒေါ်သန်းသန်းအေး၊ ဒေါက်တာဒေါ်တင်တင်လတ်၊ ဦးမောင်မောင်-ဒေါ်စိမ်းယုမွန်တို့၏ အဒေါ်မိခင်၊ ဒေါက်တာသက်ကိုကို၊ ကိုသန့်ဇင်၊ မသဇင်ကိုကို၊ ဗိုလ်ကြီးရဲထွန်းနိုင်၊ ကိုထက်ကိုကို-မရီရီသန့်၊ ကိုအောင်မျိုးထွန်း-မမြတ်သုထွေး၊ တင်နွယ်ဦး၊ အင်ကြင်းကိုကို၊ ဇင်မင်းထွန်း၊ ယင်းမာကိုကို၊ ကျော်ဇင်ထွန်း၊ စုစုမွန်တို့၏ အဘွား၊ ရွှန်းလဲ့မေဦး၊ ထွဋ်ခေါင်ယံ၊ မြတ်ကိုကိုတို့၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၁-၅-၂၀၀၄ရက်တွင် မြင်းခြံမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၀၄ရက် ညနေ ၅နာရီတွင် မြင်းခြံမြို့ ရွာစည်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စောမြင့် (၇၇)နှစ်

(ကျောက်မြောင်း)၊ (ဘိုကလေး)

ဘိုကလေးမြို့နေ (ဦးဘိုးနေ-ဒေါ်ဖွားခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ တိုက်(၁၂၅၃)၊ မြေညီထပ်နေ ဦးချစ်မောင်၏ ဇနီး၊ ကိုဝင်းတင်-မထားထားနိုင်(စည်ပင်)၊ (မစန်းစန်းလွင်)၊ မအေးအေးလွင်(ဗဟန်းစည်ပင်)၊ ကိုမောင်မောင်-မယဉ်ယဉ်ဦး၊ ကိုစိန္တာ-မတင်တင်ခိုင်(စည်ပင်)၊ မစန္ဒာ၊ မောင်စိုးမိုးအောင်တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၁-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၃-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုမျိုးခိုင် (၃၆)နှစ်

(လပွတ္တာ)

ရန်ကုန်မြို့၊ ဂွတ္တာလစ်၊ ဓမ္မပါလလမ်း၊ အမှတ်(၃၁/၉)နေ ဦးတင်ရွှေ-ဒေါ်ဖြူတို့၏ သား၊ ကိုမျိုးနိုင်(ပန်းထိမ်)၏ အစ်ကို၊ မသင်းသင်းလှိုင်(ရွှေဇရာကဏန်းဒိုင်)၏ ခင်ပွန်း ကိုမျိုးခိုင်သည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်ဝင်းစိန်(ခ) ဒေါ်ဖုရ်ဂျန်ဘီ(၆၉)နှစ်

ခါလာကြီးကားပစ္စည်းဆိုင်၊ ဘုရင့်နောင်ဈေး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ အမှတ်(၉၁)၊ (၁၀၁)လမ်းနေ ဟာဂျီဦးတင်သိန်း(ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊အထက-၁၊ မင်္ဂလာတောင်ညွန့်)၏ ချစ်လှစွာသောဇနီး၊ ဆုစန္ဒီထွန်း(ထ-၅၊ ဗိုလ်တထောင်)၊ ပြည့်ဖြိုးပိုင်(လ-၁၊တောင်ညွန့်)၊ ယုရတနာမြင့်(ထ-၃၊ တောင်ညွန့်)၊ မျိုးသက်အောင်(ထ-၅၊ ဗိုလ်တထောင်)၊ မြတ်နိုးခင်(ILBC)၊ ကောင်းမြတ်ဝင်း(ထ-၅၊ ဗိုလ်တထောင်)၊ ပြည့်စုံတင်ဝင်း(ILBC)၊ ယွန်းလဲ့မွန်(ILBC)၊ ယွန်းလဲ့ဇော်၊ ကောင်းမင်းခန့်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၆-၅-၂၀၀၄ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေ အစ္စာလ်နမဇ်အပြီး ရေဝေးကာဘာရ်စတန်၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မာမာအေး (၄၄)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်နေ [ဦးမြင့်စိုး(ခ)ဦးပါ-ဒေါ်သန်းညွန့်]တို့၏ သမီးကြီး၊ သုဝဏ္ဏမြို့၊ တိုက်(၁၆၀/၆)၊ ကောက်လျှင်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးသန်း(R.S.O၊ ပုသိမ်သင်္ဘော၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်မြမြ(ခ)ဒေါ်သိန်းသိန်းတို့၏ချွေးမ၊ ဦးသန်းမြင့်ဆွေ(အကြီးလေး)-ဒေါ်အေးအေးမွန်၊ ဦးသန်းမြင့်ဝေ(အငယ်လေး)၊ ဦးစိုးနိုင်-ဒေါ်တင်တင်ထွေးတို့၏အစ်မ၊ ဦးဇော်သန်း(ခ)ဦးဆန်နီ(Star Video)-ဒေါ်မာမာဦးတို့၏ ညီမ၊ (ဦးရန်နိုင်ဝင်း)-ဒေါ်ပယင်းသန်း၊ ဦးသူရထွဋ်-ဒေါ်ယမင်းသန်း၊ ဦးထိန်လင်းသန်း-ဒေါ်ခင်မျိုးလွင်တို့၏အစ်မ၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ အမှတ်(၁၇/၅၉၂)၊ သရက်ချောင်းလမ်း၊ (၂၅)ရပ်ကွက်နေ ဦးသက်မင်းသန်း(Carpenter၊မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၏ချစ်လှစွာသောဇနီး၊ မောင်ဖြိုးမြတ်မင်းသန်း(City Mart၊ ရန်ကင်းစင်တာ)၊ မခိုင်ဇင်ဇင်သက်၊ မောင်ညီညီမင်းသန်း၊ မသဒ္ဒါမင်းသန်းတို့၏ မိခင်သည် ၁၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အထက်ပါနေအိမ်မှကားများ ၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ မွှာရုံ၊ ရေကန်ဒါယကာကြီး

ဦးစောလှိုင် (၆၇)နှစ်

စွယ်တော်မြတ်စေတီတော်ဂေါပက(အဖွဲ့ဝင်)

လ/ထအခန်းမှူး(ငြိမ်း) ကွန်ပျူတာဌာန၊ မြန်မာ့အလင်းသတင်းစာတိုက်

ဥက္ကဋ္ဌ သာသနာ့ပါလမွှာရုံ(ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပ

ဒေးဒရဲမြို့၊ ညောင်ကားယားကျေးရွာနေ [ဦးမြင့်(ခ)ဦးညွန့်ရွှေ-ဒေါ်လှရှင်]တို့၏ သားကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အမှတ်(၃၉)နေ ဒေါ်နှင်းရီ(အုန်းရွှေဝါအအေးနှင့်ကဖီး)၏ ခင်ပွန်း၊ ဦးကျင်ရွှေ-ဒေါ်သောင်း၊ (ဦးလှမောင်)-ဒေါ်မြတ်ကျင်၊ (ဦးငွေသောင်း)-ဒေါ်သိန်း(အောင်ချမ်းသာရတနာငွေဆိုင်)တို့၏တူ၊ (ဦးစောလှ-ဒေါ်ခင်မြင့်)၊ (ဦးသာမှတ်)-ဒေါ်သီ၊ ဦးစောမောင်-ဒေါ်ခင်မြင့်၊ ဦးစံငြိမ်း-ဒေါ်တင်ဝင်းတို့၏ အစ်ကို၊ ဦးသန်းဦး၊ ဦးဌေးလှ-ဒေါ်တင့်တင့်ဝေ၊ ဒေါ်လှလှဝေ(အလပြ၊ ထ-၁၊ မ/ဥ)၊ ဦးတင်လှိုင်-ဒေါ်သန်းသန်းဝေ(မ-၃၅၊ မ/ဥ)၊ ကိုကျော်ကျော်ထွေးတို့၏ ဖခင်၊ မခိုင်မော်ဌေး(ဒုနှစ်၊ ဘူမိ၊ ဒဂုံ)၊ မမြတ်မော်ဌေးတို့၏ အဘိုးသည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင် (၆၇)နှစ်

ပြည်တွင်းဖြစ်ကားပစ္စည်းဆိုင်၊ (ဘုရင့်နောင်ဈေးကြီး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၀)၊ ရတနာလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်နေ (ဦးသာဇံ)-ဒေါ်သန်းသန်းတို့၏ သား၊ ဒေါ်မြမြဝေ၏ ခင်ပွန်း၊ ဗိုလ်မှူးဉာဏ်ဝင်း(ငြိမ်း)-ဒေါ်ဝင်းဝင်း၊ ဦးရဲဝင်း-ဒေါ်ခင်မြင့်မြင့်တို့၏ အစ်ကို၊ ဒေါက်တာအေးသန်း(ဗဟိုစည်ဆေးခန်း)-ဒေါ်အေးဝင်းနိုင်၊ ဦးဇော်ဝင်းနိုင်-ဒေါ်အလိမ္မာကျော်တို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၁-၅-၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၀၄ (တနင်္လာနေ့)တွင် နံနက် ၇နာရီမှ ၉နာရီအထိ အမှတ်(၂၀)၊ ရတနာလမ်း၊ မြေနီကုန်းနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

လားရှိုးမြို့၊ (၁)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၁၉)နေ (ဝဏ္ဏကျော်ထင်ဦးစဝ်ခွန်ဆမ်-ဒေါ်နန်းဆွေ)တို့၏ သမီးထွေး၊ဒေါ်ဝိုင်းလက်၊ဦးခွန်ထွန်းလူ(ခ)ဦးဒစ်ကီ-ဒေါ်မာဂရက်၊ ဒေါ်စဝ်နန်းအုပ်(ခ)မလော်ရင်း၊ ဒေါ်စဝ်နန်းပန်(ခ)မဖိန်း၊ ဗိုလ်ချုပ်ကိုကို-ဒေါ်စဝ်နွန်ခွန်ဆမ်တို့၏ ညီမထွေး ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်းသည် ၅-၅-၂၀၀၄ ရက်တွင် ကွယ်လွန် သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စိုင်းမောင်ငယ်၊ စိုင်းဘထွန်း(ကိုစိုင်း)မိသားစု

ပေါ်ပြူလာဂျာနယ်တိုက်၊ ရန်ကုန်မြို့။

ဒေါ်အန်ထုန်ဗွာ(ခ)ဒေါ်ကျင်ငွေ အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း(၄)လမ်း၊ အမှတ်(၁၂)နေ (ဦးအန်စုတ်လင်-ဒေါ်ကျင်အေး)တို့၏ သမီး၊ (ခေါ်ဘိကျော်-ဒေါ်မွေး)တို့၏ သမီးချွေးမ၊ ဦးကျင်ပို-ဒေါ်လေဝါး၊ (ဦးကျင်သောင်း)-ဒေါ်ပို့အင်း၊ (ဦးခင်ကျုံး)-ဒေါ်ကျင်လှိုင်တို့၏ညီမ၊ ဦးအောင်စိုး-ဒေါ်ယုကြည်တို့၏ အစ်မ၊ ကိုဟုတ်ဝမ်-မမြင့်မြင့်၊ ကိုဟုတ်စိန်-မကြည်ကြည်စန်း၊ ကိုကျော်ကျော်၊ မတင့်တင့်၊ ကိုဟုတ်အောင်-မနီနီထွန်း၊ မအေးအေးထွေးတို့၏မိခင်၊ ဦးခေါ်ဂျင်အိန်း(ခ)ဦးခွေး၏ ဇနီး၊ တူ၊တူမ ၂၄ယောက်တို့၏ အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၅-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျော်စိုးမင်း (၃၇)နှစ်

(B.A Geography)

(ဝါးခယ်မ)

ဝါးခယ်မမြို့၊ ရေကျော်ရပ်ကွက်၊ ရုံးဟောင်းလမ်းနေ ဦးစန်းမောင်(အငြိမ်းစား၊ အမက၊ ဈေး)-ဒေါ်အုန်းမြင့်(အငြိမ်းစား၊ အမက၊ တာဝတိံသာ)တို့၏ ချစ်လှစွာသောသားကြီး၊ ကိုကျော်စိုးဝင်း(ရွှေသာချိုစက်မှုလုပ်ငန်းလီမိတက်)-မစန္ဒာ၊ ကိုဇေယျာမင်း(ခ)အာစီကွမ်း၊ မလဲ့လဲ့ဝင်းတို့၏ အစ်ကိုကြီးသည် ၁၁-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မခင်မင်းလတ် (၃၁)နှစ်

B.A (History)

(လှည်းတန်း)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၁၂)၊ အခန်း(၄၀၃)နေ ဦးညွန့်ကြိုင်-ဒေါ်စန်းမြင့်တို့၏သမီး၊ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၁)လမ်း၊ အမှတ်(၄)နေ ဦးဘဝမ်း-ဒေါ်ကြူကြူ(စိန်မျှားဖိနပ်ဆိုင်)တို့၏သမီးချွေးမ၊ကိုကျော်သူရဝမ်း၏ ချစ်လှစွာသောဇနီး၊ မမီမီဦး(မြန်မာဒေဝူးလီမိတက်)၏ညီမ၊ ကိုဖြိုးဝေမင်း၊ မနုဝါထွေး(နီလာဖြိုးစိုက်ပျိုးရေးဆေးဆိုင်၊ ပျဉ်းမနားမြို့)၊ မဝေမောလင်း(စိန်မျှားဖိနပ်ဆိုင်၊ အင်းစိန်ဈေး)၏အစ်မ၊ မကေဇင်ကျော်၏မိခင် မခင်မင်းလတ်သည် ၁၁-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

[လှည်းတန်း(၁)လမ်းနေအိမ်မှကားများ နံနက် ၁၀:၄၅နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

သခင်သိမ်းထွန်း(၈၆)နှစ်

နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်

မော်လမြိုင်ကျွန်းမြို့

မော်လမြိုင်ကျွန်းမြို့၊ မြို့မ(၁)ရပ်ကွက်၊ အမှတ်(၄)၊အောင်ဆန်း၄လမ်းနေ (ဦးဘိုးဂေါင်-ဒေါ်မယ်တင်)တို့၏သားကြီး၊ (ဦးသန်းထွန်း)-ဒေါ်လှလှသန်း၊ (ဦးအောင်ကြီး)-ဒေါ်ညိုညို၊ (ဦးထွန်းညိမ်း)တို့၏အစ်ကိုကြီး၊ ဦးစိုးအောင် (လ/ထဦးစီးမှူး၊မော်ကျွန်း၊ မြေစာရင်း)၊ ဦးမျိုးနိုင်၊ ဒေါ်စန်းစန်းဌေး (မော်ကျွန်း၊ တယ်လီဖုန်းအိတ်ချိန်း)၊ ဦးမျိုး ဝင်း-ဒေါ်သူဇာသန်း(ပန်းဘဲတန်း၊ သ/မကျန်းမာရေး)၊ဒေါ်ဥမ္မာသန်း၊ဒေါ်မိုးမိုးသန်း၊ ဦးတင်ထွန်းနိုင်၊ မောင်ပြည့်စုံထွဏ်းတို့၏ဘကြီးသည် ၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၅-၂၀၀၄ရက်မွန်းတည့်၁၂နာရီတွင်မော်လမြိုင်ကျွန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူတူ၊ တူမများ။

ရဟန်းအမကြီး

ဒေါ်ရှမ်း(ခ)ဒေါ်စန်း(၆၂)နှစ်

မန္တလေးမြို့၊ (၂၈)လမ်း၊ (၈၂x၈၃)လမ်းကြား၊ အမှတ်(၂၈၉)နေ ကိုကျော်စိုး-မခင်စန်းယု၊ ကိုထွန်းထွန်းစိုး၊ ကိုမင်းနောင်-မကြူကြူဝင်း၊ မရီရီဝင်း၊ ကိုမင်းနိုင်စိုးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဝေဖြိုးကျော်၊ ယုယုဖြိုးကျော်၊ ဆွေဆွေမြင့်၊ ဖိုးတေး(ခ)မင်းတေဇတို့၏အဘွား၊ ရွှေပန်းထိမ်ဆရာကြီး ဦးဝင်းမောင်(စိန်သရဖူ)၏ဇနီးသည် ၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းအမ

ဒေါ်ဥမ္မာလွင် (၅၄)နှစ်

B.Ed

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉ လမ်း၊ အမှတ်(၃၁)၊ ပထပ်နေ (ဦးအေးလွင်)-ဒေါ်ကျင်ညိမ်းတို့၏သမီး၊ (ဦးဘိုးရီ-ဒေါ်စော)တို့၏ ချွေးမ၊ ဦးသိန်းမြင့်(ကုန်တင်တွဲဆွဲရေယာဉ်ပိုင်ရှင်)၏ ချစ်လှစွာသောဇနီး၊ မောင်ကျော်ကိုကို (Computing Final Year Nilai College)၊ မောင်စိုးကိုကို(Final Part-1၊ဆေး-၁)တို့၏ ချစ်လှစွာသောမိခင်၊ (ဦးအေးသိန်း)၊ ဦးအေးကို-ဒေါ်ခင်လေးမြင့်၊ ဒေါ်စန်းစန်းအေး(ကထိက၊ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးကြည်ညွန့်(C/E PIL Co., Ltd)-ဒေါ်အေးအေးမြိုင်၊ ဦးစိုးတင်-ဒေါ်နီလာ၊ ဦးစိုးမင်း-ဒေါ်ကေသီအေးတို့၏ ချစ်လှစွာသောအစ်မသည် ၁၁-၅-၂၀၀၄ရက်တွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ရက် နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း၊ ကန်ဒါယိကာမကြီး

ဒေါ်တင်ကြည် (၈၄)နှစ်

(မငေး၊ ထိန်ကုန်း)

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊မြကန်သာ(၂)လမ်း၊ အမှတ်(၉)နေ (ဦးသာလှိုင်-ဒေါ်အေးညွန့်)တို့၏သမီး၊ (ဦးဘိုးစော-ဒေါ်ဆင်)တို့၏ သမီးချွေးမ၊ (ဒေါ်ခင်တင့်)၊ ဒေါ်ငယ်၊ ဒေါ်အုန်းတို့၏အစ်မကြီး၊ ဦးကြီးမြင့်-ဒေါ်နှင်းကြည်(စက်မှု-၁၊ ဂျုံလုပ်ငန်း)၊ ဦးမြသန်းထွန်း-ဒေါ်တင်တင်ဝင်း၊ ဒေါ်သန်းဌေး(ပညာရေးတက္ကသိုလ်၊ ငွေစာရင်းဌာန)၊ ကိုဇေယျာဝင်း-မမေသူတို့၏မွေးသမိခင်၊ မဥမ္မာခင်(YSC)၊ မသန္တာအောင်တို့၏အဘွား၊ (ဦးလှမောင်)၏ ဇနီး၊ ဒေါ်တင်ကြည်သည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မေ (၈၂)နှစ်

ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)

(ရေစကြို)

ပခုက္ကူမြို့၊ ပခုက္ကူတက္ကသိုလ်၊ ခိုင်ရွှေဝါဆောင်နေ (ဦးကျော်-ဒေါ်ရွှေအုံ)တို့၏ သမီး၊ (ဦးဆန်ရီ-ဒေါ်ယု)တို့၏ သမီးချွေးမ၊(ဦးစိန်မောင်)၏ဇနီး၊(ဒေါ်သောင်းညွန့်)၏ ညီမ၊ (ဒေါ်စိန်တင်)၊ ဦးတိုက်ကြွယ်-ဒေါ်ခင်ဆွေ၊ ဦးမင်းဟန်-ဒေါ်ကြည်ကြည်၊ ဦးတင်လှ-ဒေါ်မေသန်းတို့၏ အစ်မ၊ ဦးရဲနိုင်(ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ဒဂုံတက္ကသိုလ်)-ဒေါ်မြင့်မြင့်တို့၏မိခင်၊ ဒေါ်သီတာမြင့်(တွဲဘက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)၏ အဒေါ်၊ မဆွေဇင်တိုး၊ မယုမြင့်အောင်တို့၏ အဘွားသည် ၁၁-၅-၂၀၀၄ရက် နံနက် ၃:၀၃နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်မြ (၇၉)နှစ်

ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာနေ ဦးဘညွန့်-ဒေါ်သန့်တို့၏ သမီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၃၃)၊ အခန်း(၂)နေ ဦးသိမ်းဖေ-ဒေါ်ကြင်ပို့တို့၏မွေးသမိခင်၊ ဦးညိုမင်းလွင်-ဒေါ်တင်တင်လှိုင်၊ (ကိုဖေဆန်း)-မအေးအေးခိုင်၊ ကိုတင်အောင်ချို-မသန်းသန်းစု၊ မောင်မျိုးမင်းသိမ်းတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၁-၅-၂၀၀၄(အင်္ဂါနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာ

ဦးတင်ဝင်း (၆၁)နှစ်

သမစိတ္တသစ်ရောင်းဝယ်ရေး၊ အင်းစိန်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ သမစိတ္တသစ်ရောင်းဝယ်ရေးနေ ဗိုလ်ကြီးသန်းနိုင်(ငြိမ်း)-ဒေါ်ယဉ်ကြည်(ဥက္ကဋ္ဌ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)တို့၏သား၊ ဒေါ်စိန်စိန်၏မောင်၊ ကိုဝင်းအေး-မတင်တင်ဝင်း၊ကိုစိုးနောင်-မခင်မ၊ကိုမြင့်ဆန်း-မညွန့်ကြည်၊ ကိုတင်ဝင်းလှိုင်-မအေးအေးကြူ၊ ကိုလှခိုင်-မတင်တင်ရီ၊ ဗိုလ်ကြီးကျော်ဆွေလင်း(ပြင်ဦးလွင်)-မနီနီဝင်း၊ ကိုမြင့်မိုး-မအေးနှင်းကျော်၊ ကိုအောင်ကျော်ဝင်း-မယဉ်ယဉ်မြင့်၊ ကိုတင်ကိုဝင်း-မပြုံးတို့၏ ဦးလေး၊ မြေး၁၈ယောက်တို့၏ အဘိုးသည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဟန် (၅၈)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန

ရန်ကုန်မြို့နေ (ဦးသိန်းမောင်-ဒေါ်အေးကြည်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၂၆၂/၅၉)နေ ဒေါ်တင်တင်အေး၏ ခင်ပွန်း၊ ဦးလင်းဆွေ-ဒေါ်သိန်းသိန်းဟန်၊ မမိုးမိုးဟန်၊ ဦးဗိုလ်ဝင်း-ဒေါ်ဥမ္မာဟန်၊ မအေးသန့်သန့်ဟန်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၀၄ရက်တွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၃-၅-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တနာယက

သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်ကွက်၊ ရွှေစေတီပါဠိတက္ကသိုလ်တိုက်သစ် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနာယက(အဂ္ဂမဟာပဏ္ဍိတ)သည် (၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်)၊ ၉-၅-၂၀၀၄(တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်)၊ ၁၇-၅-၂၀၀၄(တနင်္လာနေ့)တွင် အန္တိမစျာပနပူဇာသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်းရပ်ဝေး၊ ရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအား သိစေရန်အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကုသလ

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ တောကျောင်းတိုက်နှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက၊ တောကျောင်းပဝါရဏာဂိုဏ်းကြီးတို့၏ ဂဏာဓိပတိ၊ လဇ္ဇီပေသလ၊ သိက္ခာကာမဝိနယဂရုက သံသာရဘီရုက ပရိယတ္တိဆေက ဂဏာဝိရောခနကမ္မဋ္ဌာနစရိယနယ်လှည့် သာသနာပြု ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း၅ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ်၊ နယုန်လဆန်း ၁ရက် ၁၉-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် စိန္တာမုနိဘုရားကြီးကျောင်းတိုက်တွင်း၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တောကျောင်းတိုက်နှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများနှင့် ဈာပနကော်မတီ။

ဦးထွန်းစိန် (၈၂)နှစ်

မိုးကုတ်ယောဂီ

ဆသရ (ငြိမ်း)၊ (သုဝဏ္ဏ)

စစ်တွေမြို့၊ မိဇံရပ်နေ(ဦးပု-ဒေါ်မစိန်)တို့၏သား၊ စစ်တွေမြို့၊ ရူပရပ်နေ (ဦးစံရွှေဦး-ဒေါ်စံကြွဦး)တို့၏ သားသမက်၊ ဦးထွန်းအောင်ကျော် - ဒေါ်စောမြ၊ (ဦးအေးထွန်း)-ဒေါ်စံရွှေမြ၊ (ဒေါ်လှစိန်)တို့၏ ညီ/မောင်၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက်(၂၁)၊ အခန်း(၄)နေ ဒေါ်တင်မူ၏ ချစ်လှစွာသောခင်ပွန်း၊ မစောဝင်းမူ(ဆသရ-လှိုင်)၊ တပ်ကြပ်ကြီးစောလှမောင်(ကကလှုပ်)-မခင်မြတ်မွန်၊ မတင်တင်အောင်(MICB)၊ မကြည်ကြည်ထွန်း(MICB)တို့၏ မွေးသဖခင်၊ ဗိုလ်လောင်းတက်နေထွန်း၊ မောင်ဖြိုးကျော်ထွန်း(အထက-၂၊ဒဂုံ)တို့၏ အဘိုးသည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သုဝဏ္ဏနေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးခင်မောင်ဆွေ(၇၇)နှစ်

တပ်မတော်-ရေ(ငြိမ်း)

အမှတ်(၂၇/ခ)၊ ကုန်းမြင့်ရိပ်သာ(၆)ရပ်ကွက်၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်နေ(ဦးကျော်)(ဒေါ်ငွေရီ)၊ (ဦးဘိုးထွေး) (ဒေါ်ရွှေဥ)တို့၏ သားသမက်၊ ဒေါ်ကျင်မြတ်၏ ခင်ပွန်း၊ ဦးဆွေဦး၊ ဒေါ်ထွေးထွေး၊ ဒေါ်သီတာဆွေတို့၏ ဖခင်၊ မောင်ရဲရင့်ဆွေ၊ မောင်ဇေယျာဆွေ၊ မအိမ့်သီရိဆွေတို့၏ အဘိုး၊ ဦးစံခင်-(ဒေါ်တင်မြင့်) ဦးလှညွန့်-ဒေါ်စန်း၊ ဦးသိန်းမြင့်-ဒေါ်အေးသန်း၊ ဦးအေးသိန်း(ဦးအသဂုတ္တ)၊ ဦးသန့်အုန်း၊ (ဒေါ်ခင်မျိုးမြင့်)တို့၏ အစ်ကိုကြီးသည် ၇-၅-၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး ဦးနောက်နှင့်အာရုံကြော ကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၈-၅-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ ကွယ်လွန်သူ၏ ဆန္ဒအရ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဖုန်းဆင့် (၅၉)နှစ်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၅)ရပ်ကွက်၊ သုမေ္မာလမ်း၊ အမှတ်(၁၈၃၄)နေ (ဦးကိုကိုကြီး-ဒေါ်ငွေမြိုင်)တို့၏ သမီး၊ ပန်းချီကျော်ကျော်၏ ချစ်လှစွာသောဇနီး၊ ဦးနေဝင်း-နော်ကကက်သရင်းတို့၏ ညီမ၊ ဒေါက်တာသက်ဝင်း-ဒေါက်တာခင်ဖုန်းမို၊ ဦးရဲထွတ်-ဒေါ်ဝါဝါ၊ ဦးဖုန်းနိုင်-ဒေါ်ခင်ညွန့်ကြည်၊ ဦးသန်းစိန်-ဒေါ်မို့မို့ဝင်းတို့၏ အစ်မ၊ ကိုကျော်သူရိန်-မနန်းမိုးမိုးခိုင်၊ ကိုကျော်တေဇ-မစမ်းသီတာဝင်း၊ မချောချစ်စု၊ ကိုကျော်အာကာ၊ ကိုကျော်မိုးဦး၊ကိုမင်းခေါင်-မချောချစ်ထွေးတို့၏ ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည်၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊တန်ဆောင်းဒါယကာကြီး

ဦးကျော်ထိုက် (၇၇)နှစ်

(သစ်စက်ပိုင်ရှင်)

မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးဖိုးဆိုင် - ဒေါ်ပန်းအုံတို့၏ သား၊ ဒေါ်ဖွားသိုက်၏ သားသမက်၊ ဒေါ်သန်းရီ၏ခင်ပွန်း၊ ဦးဒူချွန်(ဦးစီးမှူး-တိ/မွေးကု၊ ကျောက်ပန်းတောင်း) - ဒေါ်လှမြင့်၊ ဒေါ်ခင်စန်းမြင့်(သစ်စက်)၊ ဒေါ်ခင်စန်းဌေး၊ ဒေါ်ခင်စန်းအေး(အလက-၂)၊ ဒေါ်ခင်စန်းထွေး(အလက-၂)၊ ဗိုလ်မှူးဝင်းချွန်-ဒေါ်အမာတင်၊ ဦးဝင်းလွင်-ဒေါ်ခင်စောမူ၊ မခင်မျိုးထွေး၊ ကိုကျော်မျိုးအောင်တို့၏ ဖခင်၊ မြေး၁၁ယောက်တို့၏ အဘိုးသည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၅-၂၀၀၄ရက်တွင် မြင်းခြံချောင်းဒေါင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးဗွမ်းဇထန်(၇၆)နှစ်

U Vun Za Thang

တပ်ကြပ်ကြီး(ငြိမ်း)

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ရွာနေ (ဦးထန်တွောင်-ဒေါ်ဖွတ်ဒိမ့်)တို့၏ သား၊ (ဒေါ်ကြောင်ခိုဒိမ့်-ဦးဟန်လျန်း)၊ (ဒေါ်ကျိုန်ခိုကျိုန့်)တို့၏ ညီ/မောင်၊ ဗိုလ်မှူးကြီးဆွန်ခိုဝင်း(ငြိမ်း)-ဒေါ်သန်းသန်းလွင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ်(၇၀၈)နေ (ဒေါ်နွမ်းခိုဒိမ့်)၊ ဒေါ်ဒိမ့်ခန့်ဟွဲတို့၏ ခင်ပွန်း၊ ဒေါ်ဒိမ့်မန်-ဦးအွန်တွာလ် (အလက၊ ကျောင်းအုပ်၊ ဆတ္တား-ဟားခါး)၊ ဦးတွောင်ခန့်ခိုင်-ဒေါ်မန်းဇဒိမ့် (အမကကျောင်းအုပ်-ငြိမ်း)၊ ဦးကမ်းခန့်ပေါင်၊တပ်ကြပ်ကြီးကျင်ဒိုမန်(မော်တော်ယာဉ်ဌာန၊ပခုက္ကူ)-ဒေါ်နွေဦး၊ (ဒေါ်ဒိမ့်လမ့်ကျိုန်)၊ ဒေါ်ကျိုန့်ဆွင့်ရန်-ဦးရန်မွန်ပေါင်၊ ဦးပေါင်မန်-ဒေါ်ညောင်ဖွေ့ကျိုန်တို့၏ မွေးသဖခင်၊ မြေး၁၁ယောက်တို့၏ အဘိုးသည် ၁၀-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၂-၅-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(စီးယင်းနှစ်ခြင်း အသင်းတော်၊FGAနှင့် နေအိမ်မှကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးသဇင်မြင့်(၄၄)နှစ်

(B.Sc)

စစ်သုနာပြုအရာရှိသင်တန်း၊အပတ်စဉ်(၁၃)

ရန်ကုန်မြို့နေ ဦးခင်မောင်မြင့်-ဒေါ်မေရီတို့၏ သမီး၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်နေ ဦးမောင်မောင်-ဒေါ်ကြည်ကြည်တို့၏သမီးချွေးမ၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ဘုရင့်နောင်ရိပ်သာ၊ တိုက်(၃/၁၁)နေ ဗိုလ်မှူးကိုကိုနိုင်၏ ချစ်လှစွာသော ဇနီး၊ မောင်အောင်ဟိန်းကို၏ ချစ်လှစွာသောမိခင်၊ (ဒေါ်မာလာမြင့်)၊ ဒေါ်နီလာမြင့်၊ ဦးနေလင်းမြင့်တို့၏ ညီမ၊ ဒေါက်တာစိုးကျော်-ဒေါက်တာကေသီမြင့်တို့၏အစ်မ၊ ဗိုလ်ကြီးသဇင်မြင့်သည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)မှမင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်၍ မွန်းလွဲ ၁နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး ၂၉၁၈၃၂၊စာတည်းများ ၂၉၂၈၃၂၊ သတင်းထောက်မှူး ၂၉၂၈၃၃၊ မန်နေဂျာ ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ် ၂၉၂၈၃၁။ R/184

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း

မန်းရွှေစက်တော်ဘုရား ဖူးမြော်ကြည်ညို

ရန်ကုန်   မေ   ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယမန်နေ့က မကွေးတိုင်း မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွာ၏ အောက်စက်တော်ရာအား ဖူးမြော်ကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အောက်စက်တော်ရာအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး မကွေးတိုင်း မင်းဘူး(စကု) မြို့နယ်ရှိ ဗုဒ္ဓမြတ်စွာ၏ အောက် စက်တော်ရာအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြီးအတွက် တည်ငြိမ်ခိုင်မာသောအနာဂတ် ပေါ်ထွန်းလာရေးကို ဦးတည် အမျိုးသားညီလာခံကြီး မကြာမီကျင်းပမည်ဖြစ်ပြီး စုံစုံညီညီ တက်ရောက်ကြမည်ဟု ယုံကြည်

နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတွင် စာပေလောကက ပါဝင်ကြိုးပမ်း

ရန်ကုန်   မေ   ၁၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမဥ္စကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪